အိမ်တွင်းအကြမ်းဖက်မှုသည်
လူသားအားလုံးအတွက်
အန္တရာယ်တခု ဖြစ်သည်ကို
နားလည်လက်ခံပြီး
အိမ်တွင်းအကြမ်းဖက်
ခံရသူများအား လိင်နှင့်
လိင်စိတ်တိမ်းညွှတ်မှုမရွေး
ကာကွယ်ပေးရန်
အထူးလိုအပ်သည်။



# သက်တံ့မျက်ရည်

မြန်မာနိုင်ငံရှိ လိင်စိတ်တိမ်းညွှတ်မှုကွဲပြားသူများ အကြား
အိမ်တွင်းနှင့် မိသားစုအတွင်း အကြမ်းဖက်မှုကို လေ့လာခြင်း

2020 ||o*kvf

Equality Myanmar

LGBT RIGHTS NETWORK

OUTRIGHT ACTION INTERNATIONAL
Human Rights for LGBTIQ People Everywhere

# မာတိကာ


အမှာစာ 4

အစီရင်ခံစာ အနှစ်ချုပ် 7

သုတေသနနည်းလမ်း 12

နောက်ခံအကြောင်းအရာ 15

- လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများနှင့် 15
- ဥပဒေပိုင်းဆိုင်ရာ မူဘောင် 15
    - ဖွဲ့စည်းပုံအခြေခံဥပဒေ 15
    - ရာဇသတ်ကြီးပြစ်မှုဥပဒေ 16
- လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများနှင့် မြန်မာနိုင်ငံ လူမှုယဉ်ကျေးမှု အမြင် 18
- အိမ်တွင်းအကြမ်းဖက်မှု 21
- အိမ်တွင်းအကြမ်းဖက်မှုနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများ 22
- အိမ်တွင်း အကြမ်းဖက်မှုနှင့် မြန်မာနိုင်ငံ၏ ဥပဒေပိုင်းဆိုင်ရာ မူဘောင် 25
- အိမ်တွင်းအကြမ်းဖက်မှုနှင့် မြန်မာနိုင်ငံလူမှုယဉ်ကျေးမှု မူဘောင် 28
- သုတေသနအရ အိမ်တွင်း အကြမ်းဖက်မှု ဖြစ်ပွားရသည့် အကြောင်းရင်းများ 31
    - လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားမှုကို လက်မခံသည့် မိသားစု ပတ်ဝန်းကျင် 31
    - လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားမှုကို အပြစ်ပေးသည့် အနေဖြင့် လုပ်ဆောင်ခြင်း 33

- အတူနေချစ်သူများ အကြား ထိမ်းချုပ်လိုစိတ် ကြီးမားခြင်း 34
- ကိုဗစ်ကာလ စိတ်ဖိစီးမှုများ 35
- လိင်စိတ်တိမ်းညွတ်မှုကွဲပြားသူများ ရင်ဆိုင်ရသည့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ပြဿနာများ 42
- စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဖိစီးမှုများ 42
- မိသားစုနှင့် သီးခြားစီ ဖြစ်လာခြင်း 44
- ဥပဒေက မကာကွယ်ပေးသဖြင့် ဥပဒေကို အားမကိုးတော့ခြင်း 44
- တရားဥပဒေလက်လှမ်းမှီမှုမရှိခြင်း 46
- အကူအညီပေးသည့် ဝန်ဆောင်မှုများကို မသိခြင်းနှင့် အကူအညီ မယူလိုခြင်း 47
- အိမ်မှထွက်ပြေးခြင်း 48

နိဂုံးချုပ် 49

အကြံပြုတင်ပြချက်များ 50

စစ်တမ်းကောက်ယူရာတွင် အသုံးပြုမည့် မေးခွန်းလွှာ 53

# အမှာစာ

"သက်တံ့မျက်ရည်" ဆိုသည့် ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်းရှိ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ ရင်ဆိုင် ကြုံတွေ့နေရသော မိသားစုဝင်များနှင့် အတူနေ ချစ်သူများက ကျူးလွန်သော အိမ်တွင်းအကြမ်းဖက်မှု အကြောင်းကို သုတေသနပြုလုပ်ပြီး ရေးသားထားခြင်း ဖြစ်သည်။ ရန်ကုန်နှင့် မန္တလေးရှိ အမျိုးသမီးအချင်းချင်း ချစ်ခင်စုံမက်သူ (Lesbian)၊ လိင်နှစ်မျိုးလုံးကို ချစ်ခင်စုံမက်သူ (bisexual)၊ ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ အမျိုးသမီး (Transgender Woman) နှင့် ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲ ပြုမူနေထိုင်သူ အမျိုးသမီး (Transgender men) များ (၆၃) ဦးကို တွေ့ဆုံမေးမြန်းပြီး ရေးသားထားခြင်း ဖြစ်ပါသည်။ ဤအစီရင်ခံစာကို Equality Myanmar နှင့် LGBT Rights Network တို့က Outrights Action International နှင့် ပူးပေါင်း ရေးသားခဲ့ ခြင်း ဖြစ်ပါသည်။

အိမ်တွင်းအကြမ်းဖက်မှုဟု ဆိုလိုက်သည်နှင့် အမျိုးသမီးများကို အိမ်တွင်းတွင် အကြမ်းဖက်မှုဟု မြင်ယောင် တတ်ကြပါသည်။ သို့သော် အိမ်တွင်းအကြမ်းဖက် ခံရသောသူများ ထဲတွင် လိင်စိတ်တပ်မက်မှု ကွဲပြားသူများ ပါဝင်နေသည်ကို သတိမမူ ဖြစ်တတ်သည်။ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် အားပေးကူညီမှုများ ပေးသည့်အခါမျိုးတွင်လဲ လိင်စိတ်တပ်မက်မှု ကွဲပြားသူများကို ထည့်သွင်း စဉ်းစားကာကွယ်ပေးရန် မေ့လျော့လျက် ရှိသည်။

ထို့ကြောင့် ယခုအစီရင်ခံစာကို မြန်မာနိုင်ငံအတွင်းရှိ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားနေသောသူများ ရင်ဆိုင် ခံစားနေရသော အိမ်တွင်းအကြမ်းဖက်မှု အခြေအနေကို လေ့လာသုံးသပ်ပြီး ထိုအိမ်တွင်းအကြမ်းဖက်မှု ပပျောက်စေရေး အတွက် လုပ်ဆောင်သင့်သည့် အချက်များကို အကြံပြု တင်ပြနိုင်ရန်အတွက် ရည်ရွယ် လုပ်ဆောင်ခဲ့ ခြင်း ဖြစ်ပါသည်။ ယခု အစီရင်ခံစာသည် ဖြစ်ပျက် ခံစားနေသည့် အဖြစ်များကို မီးမောင်းထိုးပြနိုင်ယုံသာမကလဲ ထိုသို့ဖြစ်ပျက်နေသည့် အိမ်တွင်းအကြမ်းဖက်မှုများကို ကာကွယ်တားဆီးရန် လို

အပ်သည့် ဥပဒေပြု ကာကွယ်ခြင်းများ၊ ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်းများ နှင့် လူထုကို အသိပညာပေး လုပ်ဆောင်ခြင်းများအား အစိုးရနှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများက ဆက်လက် ပူးပေါင်း လုပ်ဆောင်လာရန် စည်းရုံးလှုံ့ ဆော်သွားမည် ဖြစ်သည်။

ယခု အစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့သော ကိုတင်ကိုကို (K&Q)၊ ကိုအောင်ဇော်ထွန်း ခေါ် မေဂန် (TRY) နှင့် မအိမ့်မှူးသော်၊ နန်းသဲသဲထူး၊ ကိုဝိုင်းချစ်၊ မမိုးမြင့်သူ၊ ကိုချစ်မျိုးထွေး၊ စောဘုန်းသူရိန်၊ မအေးမြင့်မိုရ်အောင် တို့အား ကျေးဇူးအထူးတင်ရှိပါသည်။ အကြံဉာဏ်များဖြင့် ကူညီပေးသော Grace Poore (OutRights) နှင့် ညီမျှခြင်း မြန်မာမှ ဝန်ထမ်းများကိုလဲ မှတ်တမ်းတင်အပ်ပါသည်။

အကြမ်းဖက်မှုဆိုသည်မှာ အိမ်ပြင်ပ၌ဖြစ်စေ အိမ်တွင်း၌ဖြစ်စေ ကျူးလွန်သည့် နေရာမရွေး အကြမ်းဖက်မှုသာ ဖြစ်ပါသည်။ ထို့အတူ မည်သူ့ကို အကြမ်းဖက်သည် ဖြစ်စေ အကြမ်းဖက်ခံရခြင်းကို ကာကွယ်ပေးရန် လိုအပ်သည်။ ထို့ကြောင့် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများနှင့် အခြားသူများ အပေါ် အိမ်တွင်းအကြမ်းဖက်မှုကို ဝိုင်းဝန်း တားဆီးကြပါစို့။

**အောင်မျိုးမင်း**
ရေးသားသူ
အမှုဆောင် ဒါရိုက်တာ
ညီမျှခြင်း မြန်မာ
ဩဂုတ်လ ၂၀၂၀ ပြည့်နှစ်

အိမ်တွင်းအကြမ်းဖက်မှုသည်

လူသားအားလုံးအတွက်

အန္တရာယ် တခုဖြစ်သည်ကို

နားလည်လက်ခံပြီး

အိမ်တွင်းအကြမ်းဖက်

ခံရသူများအား လိင်နှင့်

လိင်စိတ်တိမ်းညွတ်မှုမရွေး

ကာကွယ်ပေးရန်

အထူးလိုအပ်သည်။

# အစီရင်ခံစာ အနှစ်ချုပ်

ယခုအစီရင်ခံစာကို မြန်မာနိုင်ငံအတွင်းရှိ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားနေသောသူများ ရင်ဆိုင် ခံစားနေရသော အိမ်တွင်းအကြမ်းဖက်မှု အခြေအနေကို လေ့လာသုံးသပ်ပြီး ထိုအိမ်တွင်းအကြမ်းဖက်မှု ပပျောက်စေရေးအတွက် လုပ်ဆောင်သင့်သည့် အချက်များကို အကြံပြု တင်ပြနိုင်ရန်အတွက် ရည်ရွယ် လုပ်ဆောင်ခဲ့ ခြင်း ဖြစ်ပါသည်။

အိမ်တွင်းအကြမ်းဖက်မှုသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအနှံ့အပြားတွင် နှစ်ပေါင်းများစွာ ကတည်းက ဖြစ်ပွားခဲ့ ပြီး ယခုတိုင် ဆက်လက် ဖြစ်ပွားနေသော အကြမ်းဖက် ပုံစံတခု ဖြစ်သည်။ အမျိုးသမီးများအပေါ် အိမ်ထောင်ဖက် လက်တွဲဖော်များက အများဆုံး ကျူးလွန်တတ်သော အကြမ်းဖက်မှု ပုံစံဖြစ်သောကြောင့် အမျိုးသမီး အပေါ် အိမ်တွင်းအကြမ်းဖက်မှု (Domestic Violence Against Women – DVAW) ဟု ခေါ်ဝေါ်ခဲ့သော်လည်း အမှန်တကယ် အိမ်တွင်း အကြမ်းဖက်ခံရသော သူများထဲတွင် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသောသူများလဲ ပါဝင်သည်။

မြန်မာနိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှုကို ရာဇသတ်ကြီးဥပဒေဖြင့် အရေးယူနိုင်ကောင်း ယူနိုင်သော်လည်း အိမ်တွင်းအကြမ်းဖက် တားဆီးရေး ဆိုင်ရာ သီးသန့်ဥပဒေ မရှိသေးပါ။ ဥပဒေမူကြမ်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး ဥပဒေမူကြမ်းတွင် အိမ်တွင်း အကြမ်းဖက်မှုကို အဓိပ္ပာယ် ဖွင့်ဆို ဖော်ပြထားသော်လည်း အတည်ပြု ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပါ။ ယခု မူကြမ်းအတိုင်း ပြဋ္ဌာန်းခဲ့မည်ဆိုလျှင်လည်း ထိုဥပဒေသည် အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူများကို ကာကွယ်ပေးမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုဥပဒေ၏ အမျိုးသမီးဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အမျိုးသားအဖြစ် မွေးဖွားလာခဲ့ ပြီး အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူများ အကျုံးမဝင်သောကြောင့် ဖြစ်သည်။

လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများအပေါ် အိမ်တွင်းအကြမ်းဖက်မှုကို လေ့လာရာတွင် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားခြင်းကြောင့် မိသားစုဝင်များက ဖြစ်စေ၊ အတူနေ ဆွေမျိုးသားချင်းများက ဖြစ်စေ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမျိုးကို အများဆုံး တွေ့ရသည်။ အဓိကအားဖြင့် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှုကို လက်မခံလိုခြင်း၊ ထို လိင်စိတ်တိမ်းညွတ်မှု ကွဲပြားခြင်းကို ပြောင်းလဲရန်အတွက် ကြိုးစားခြင်း၊ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ အထူးသဖြင့် ဆန့်ကျင်ဖက်လိင်သို့ ပြောင်းလဲပြုမူ နေထိုင်သူများကို အပြစ်ပေးလိုခြင်း တို့ကြောင့် အိမ်တွင်း အကြမ်းဖက်မှုကို ခံရကြောင်း လေ့လာတွေ့ရှိရသည်။ မိသားစုဝင်များက မဟုတ်ဘဲ အတူနေ ချစ်သူအချင်းချင်း ကြားတွင် ကျူးလွန်သော အိမ်တွင်းအကြမ်းဖက်မှုများလည်း ရှိကြောင်း တွေ့ရှိရသည်။

လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသောသူများ အကြား အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနေလျက် ရှိသော်လည်း အလေးထား လုပ်ဆောင်မှု အပိုင်း လွန်စွာ အားနည်းလျက် ရှိနေသည်။ လက်ရှိ မြန်မာနိုင်ငံ၏ လူမှု အသိုင်းအဝိုင်းသည် အမျိုးသမီးများအပေါ် အိမ်တွင်း အကြမ်းဖက်မှု မျိုးကိုပင် အိမ်တွင်းရေးကိစ္စ အဖြစ် ရှုမြင်ဆဲဖြစ်ပြီး ဝင်ရောက် ပတ်သက်ရန် မသင့်ဟု လက်ခံယုံကြည်ဆဲ ဖြစ်နေသည်။ ထိုအခြေအနေမျိုးတွင် လက်ရှိ အချိန်အထိ လူမှုအသိုင်းအဝိုင်း သဘောပေါက် လက်ခံမှု နည်းပါးနေဆဲ ဖြစ်သော လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ အပေါ် အိမ်တွင်းအကြမ်းဖက်မှုအား လူ့အခွင့်အရေး အကြောင်းအရာ တခု အဖြစ် သဘောပေါက်ပြီး ကာကွယ်တားဆီးလာရန် အတွက် အထူးကြိုးစား လုပ်ဆောင်ရန် လိုနေသေးသည်။

မြန်မာနိုင်ငံတွင် လက်ရှိ ကျင့်သုံးနေသော ရာဇသတ်ကြီးပုဒ်မ (၃၇၇) တွင် "ဓမ္မတာနှင့် ဆန့်ကျင့်သော လိင်ဆက်ဆံမှု" ရာဇဝတ်မှု အဖြစ် ပြဋ္ဌာန်းထားသည်။ ထိုရာဇသတ်ကြီး ပုဒ်မသည် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများကို ဖမ်းဆီးရာတွင် လည်းကောင်း၊ ငွေညှစ်အနိုင်ကျင့်ရာတွင် လည်းကောင်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေသော အရာ ဖြစ်သည်။ ထိုပုဒ်မတွင် တိတိ

ကျကျ မဖော်ပြထားခြင်းကြောင့် ထိုအပိုဒ်ကို အသုံးချ၍ လိုလျှင် လိုသလို ဖမ်းဆီးသကဲ့သို့ လိုလျှင် လိုသလို စီရင်ချက် ချမှတ်ပြီး အရေးယူမှုများလည်း ရှိနေသည်။ ထိုသို့ ရာဇဝတ်မှု အဖြစ် သတ်မှတ်ထားခြင်းကြောင့် အိမ်တွင်း အကြမ်းဖက်မှုကို ရင်ဆိုင်ခံစားရသော လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသောသူများသည် တရားဥပဒေ၏ အကာအကွယ်ကို တောင်းခံရန် မဝံ့မရဲ ဖြစ်ကြရသည်။ တရားဥပဒေ လက်လှမ်းမှီမှုကို မခံစားရချေ။

လိင်စိတ်တိမ်းညွတ်မှု ကွဲပြားခြင်းသည် ရွံရှာစရာဖြစ်သည် စက်ဆုပ်စရာဖြစ်သည်ဆိုသော လူမှုပတ်ဝန်းကျင်တွင် လက်ခံထားသည့် အမြင်များလည်း လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများကို စိတ်ပိုင်းဆိုင်ရာ သိမ်ငယ်မှုများ ဖြစ်စေသည်။ အကျိုးဆက် အနေဖြင့် တခြားသူများထံ ရင်ဖွင့်တိုင်ပင်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုကို ရယူရန်အတွက် အဓိက အတားအဆီးများ ဖြစ်နေသည်။

ဥပဒေအရ ရာဇဝတ်အဖြစ် သတ်မှတ်ထားခြင်းနှင့် ပတ်ဝန်းကျင်၏ ခွဲခြားဖိနှိပ်သော အစွဲများကြောင့် အိမ်တွင်း အကြမ်းဖက်မှုကို ခံစားရသည့် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများသည် တရားဥပဒေ အကူအညီကို လက်လှမ်းမမီဖြစ်နေကြသည်။ အများစုသည် အကြမ်းဖက်သည့် မိသားစုနှင့် မနေထိုင်တော့ဘဲ ပြင်ပတွင် သီးခြားနေထိုင်လာခဲ့ ကြသည်။ ပညာရေး တပိုင်းတစဖြင့် သက်မွေးဝမ်းကျောင်းပြု နေထိုင်ကြရသည်။ ထိုသို့ နေထိုင်သူများတွင် အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူများက အများစု ဖြစ်သည်။ အမျိုးသမီးချင်း ချစ်သူအများစုမှာ ပြင်ပတွင် ကြုံတွေ့နိုင်သည့် အန္တရာယ်များကို စိုးရိမ်သောကြောင့် မိသားစုနှင့်သာ နေထိုင်လေ့ ရှိကြသည်။ ထိုသို့ အကြမ်းဖက်သည့် မိသားစုနှင့်အတူ နေထိုင်ရသော လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများသည် အိမ်တွင်းတွင် နေထိုင်စဉ်ကာလ အတွင်း စိုးရိမ်ကြောက်လန့်မှုများကို အချိန်ပြည့် ခံစားနေရသည်။ မိသားစုဝင်များနှင့် ရင်မဆိုင်ရအောင် ကြိုးစားနေထိုင်ရင်း မိသားစုနှင့် သီးသန့် ဖြစ်လာသည်။ အထီးကျန် ဖြစ်လာကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် မတ်လက စပြီး ကမ္ဘာ့ကပ်ရောဂါ အဖြစ် ခြိမ်းခြောက်လာသော ကိုဗစ်ရောဂါကြောင့် အများပြည်သူမှာ လူမှုရေးနှင့် စီးပွားရေး အဆင်မပြေမှုများကို ရင်ဆိုင်လာခဲ့ကြသည်။ နေ့စဉ် လူမှုဘဝပုံစံတို့လဲ ပြောင်းလဲလာခဲ့သည်။ ကျန်းမာရေးအတွက် အမိန့်များ ထုတ်ပြန်ချက်များကြောင့် အိမ်တွင်းနေထိုင်ရသည့် အခြေအနေမျိုးကိုလည်း ရောက်ရှိခဲ့ရသည်။ စိမ်ခေါ်မှုအသစ်များကို ရင်ဆိုင်ရင်း စိတ်ဖိစီးမှုများကို ရင်ဆိုင် ခံစားလာခဲ့ကြသည်။ စိတ်ဖိစီးမှု နောက်ဆက်တွဲ အဖြစ် အိမ်တွင်း အကြမ်းဖက်မှုများမှာ သိသိသာသာ မြင့်တက်လာသည်။ သာမန်အချိန်တွင်ပင် မိသားစုက လက်မခံခဲ့သည့် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများသည် မိသားစုဝင်များ၏ ငြိုငြင်မှုများနှင့် အပြစ်ရှာ၍ အကြမ်းဖက်မှုများကို ပိုမို ရင်ဆိုင်လာခဲ့ကြောင်း တွေ့ရှိရသည်။ အတူနေ လက်တွဲဖော်များ အကြားတွင်လည်း ကိုဗစ်ကာလအတွင်း စီးပွားရေး၊ လူမှုရေး အဆင်မပြေမှုများကြောင့် အိမ်တွင်း အကြမ်းဖက်မှုများမှာ တိုးမြင့်လာခဲ့ကြောင်း မှတ်တမ်းတင်ရသည်။

အကြမ်းဖက်မှုဆိုသည်မှာ အိမ်ပြင်ပ၌ ဖြစ်စေ အိမ်တွင်း၌ ဖြစ်စေ ကျူးလွန်သည့် နေရာမရွေး အကြမ်းဖက်မှုသာ ဖြစ်ပါသည်။ ထို့အတူ မည်သူ့ကို အကြမ်းဖက်သည်ဖြစ်စေ အကြမ်းဖက်ခံရခြင်းကို ကာကွယ်ပေးရန် လိုအပ်သည်။

လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ အပေါ် အိမ်တွင်း အကြမ်းဖက်မှုကို တားဆီးကာကွယ်ရန် ကြိုးပမ်းရာတွင် ဥပဒေပိုင်းအရ လုပ်ဆောင်ရန် လိုအပ်သလို လူထု၏ အသိအမြင်များ ပြောင်းလဲလာအောင် လုပ်ဆောင်ရန် လိုအပ်သည်။ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ အပေါ် လိုလျှင်လိုသလို ဖမ်းဆီး အရေးယူနိုင်သည့် ရာဇသတ်ကြီး ပုဒ်မ (၃၇၇) ကို ဖျက်သိမ်းရန် လိုအပ်သလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းထဲတွင် သတ်မှတ်ထားသည့် အမျိုးသမီးဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲတွင် အမျိုးသမီး ကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူများကိုပါ အကျုံးဝင်စေပြီး ကာကွယ်ပေးရန် လိုအပ်သည်။ သို့မှသာ လိင်စိတ်တိမ်းညွတ်မှု ကွဲပြား

ခြင်းကို ရာဇဝတ်မှုအဖြစ် အရေးယူနိုင်သောကြောင့် တရားဥပဒေ အကူအညီကို ရယူရန်အတွက် စိုးရိမ်မှုများ ပျောက်ကွယ်မည် ဖြစ်သည်။ အထူးဥပဒေ အဖြစ် ပြဌာန်းကာကွယ်မှသာ တာဝန်ရှိသူများ အနေဖြင့် ဥပဒေအရ တာဝန်ယူရမည့် ဝတ္တရား ရှိလာမည် ဖြစ်သည်။

တဖက်တွင်လဲ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးတာဝန်နှင့် သက်ဆိုင်သည့် အစိုးရဌာနများနှင့် ဝန်ထမ်းများ အားလုံးကို လိင်စိတ်တိမ်းညွတ်မှုနှင့် ပတ်သက်သည့် မှန်ကန်သော အသိပညာများ ပေးရန် လိုအပ်သည်။ ခွဲခြားဆက်ဆံမှုမရှိဘဲ ဥပဒေအရ ကာကွယ်ပေးရန်၊ ဝန်ဆောင်မှုများ ပေးရန် အတွက် လေ့ကျင့်ပညာပေးဖို့ လိုအပ်သည်။ အိမ်တွင်း အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး နှစ်သိမ့်ဆွေးနွေးပြီး ဝန်ဆောင်မှုများ ပေးသောသူများ အနေဖြင့်လည်း လိင်စိတ်တိမ်းညွတ်မှု ကွဲပြားနေသောသူများ အကြား ကြုံတွေ့ရသည့် အိမ်တွင်း အကြမ်းဖက်မှု အခြေအနေများ၊ ထိုသို့ အိမ်တွင်း အကြမ်းဖက်မှုကို ဖြစ်ပေါ်စေရန် ပံ့ပိုးပေးသော လူမှုရေး သတ်မှတ်ချက်၊ ယုံကြည်လက်ခံချက်များကို ကောင်းစွာ နားလည် သဘောပေါက်ဖို့ လိုအပ်သည်။ သို့မှသာ အိမ်တွင်း အကြမ်းဖက်ခံရသည့် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများအား မှန်ကန်ပြီး အရည်အသွေးရှိသည့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း အပါအဝင် အခြားဝန်ဆောင်မှုများကို ခွဲခြားမှုမရှိဘဲ ပေးနိုင်မည် ဖြစ်သည်။

အိမ်တွင်း အကြမ်းဖက်မှုသည် လူသားအားလုံးအတွက် အန္တရာယ် တစ်ခုဖြစ် သည်ကို နားလည်လက်ခံပြီး အိမ်တွင်း အကြမ်းဖက်ခံရသူများအား လိင်နှင့် လိင်စိတ် တိမ်းညွတ်မှုမရွေး ကာကွယ်ပေးရန် အထူး လိုအပ်သည်။ ထို့ကြောင့် မိသားစုများ အပါအဝင် ပြည်သူလူထု တရပ်လုံး လူ့အခွင့်အရေး အမှန်တကယ် သဘောပေါက် ကျင့်သုံးလာစေရန် အတွက် ကျောင်းသင်ခန်းစာတွင် ထည့်သွင်း သင်ကြားမှု အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ပညာပေးလှုံ့ဆော်သွားရန် လိုအပ်လှပါသည်။

# သုတေသနနည်းလမ်း

ယခု အစီရင်ခံစာကို ရေးသားပြုစုနိုင်ရန် အတွက် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့မှာ အချက်အလက် ကောက်ယူသူ စုစုပေါင်း (၁၀) ဦးကို ဖိတ်ခေါ်၍ သုတေသနပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ထိုသူ (၁၀) ဦးကို ကြီးကြပ်နိုင်ရန် အတွက် Myanmar LGBT Rights Network မှ တာဝန်ခံ နှစ်ဦးကလဲ ကူညီ ဆောင်ရွက်ပေးပါသည်။ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်း အတွင်းရှိ အမျိုးသမီးအချင်းချင်း ချစ်ခင်စုံမက်သူ (Lesbian)၊ လိင်နှစ်မျိုးလုံးကို ချစ်ခင်စုံမက်သူ (bisexual)၊ ဆန့်ကျင် ဖက်လိင်ကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ အမျိုးသမီး (Transgender Woman) နှင့် ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ အမျိုးသား (Transgender man) များ ရင်ဆိုင်ရသည့် အိမ်တွင်း အကြမ်းဖက်မှုများကို သုတေသနပြုလုပ်ရန် ပြင်ဆင်ခဲ့ပါသည်။ ယခု သုတေသနတွင် အမျိုးသားချစ်သူ (Gay) များကို ထည့်သွင်း မေးမြန်းထားခြင်း မရှိပါ။

ထိုအမျိုးအစား တခုချင်းတွင် လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသခံယူချက်များနှင့် ပတ်သက်၍ မတူညီမှုများ ရှိကြောင်း အသိအမှတ် ပြုပါသည်။ ယခု စာတမ်းတွင် ထိုသူများ အားလုံးကို "လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ" ဟု လွှမ်းခြုံ သုံးစွဲသွားမည် ဖြစ်သည်။

တွေ့ဆုံမေးမြန်းရာတွင် အသုံးပြုမည့် မေးခွန်းများကို တာဝန်ရှိသူများက စုပေါင်း ပြင်ဆင်ခဲ့ပါသည်။ မေးခွန်းများကို ပြင်ဆင်ပြီး အချက်အလက်ကောက်ယူမည့်သူများကို ရှင်းပြ လေ့ကျင့်ပေးခဲ့ပါသည်။ အချက်အလက် စုဆောင်းသူများသည် အချက်အလက်များ ကောက်ယူရန် အချိန်နှစ်လ ယူခဲ့ပါသည်။ အဓိကအားဖြင့် အမျိုးသမီးအချင်းချင်း ချစ်ခင်စုံမက်သူ (Lesbian)၊ လိင်နှစ်မျိုးလုံးကို ချစ်ခင်စုံမက်သူ (bi-sexual)၊ ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ အမျိုးသမီး (Transgender Woman) နှင့် ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ အမျိုးသား (Transgender man)

တို့အပေါ် မိဘများ၊ အတူနေ ဆွေမျိုးမောင်နှမများ။ အတူနေ ချစ်သူ လက်တွဲဖော်များက ကျူးလွန်သည့် ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာ အိမ်တွင်း အကြမ်းဖက်မှုများကို ကောက်ယူနိုင်ခဲ့ပါသည်။

အချက်အလက်များကို ကောက်ယူခဲ့ရာတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ မှ မတ်လ အတွင်း အထက်မြန်မာပြည် (မန္တလေးတိုင်းမှ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူ (၃၀) ဦး နှင့် အောက်မြန်မာပြည် (ရန်ကုန်တိုင်း) မှ လိင်စိတ်တိမ်း ညွတ်မှု ကွဲပြားသူ (၃၂) ဦး စုစုပေါင်း (၆၂) ဦးကို တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

| | ရန်ကုန် | မန္တလေး |
|---|---|---|
| အမျိုးသမီးအချင်းချင်း ချစ်ခင်စုံမက်သူ | ၂ | ၃ |
| လိင်နှစ်မျိုးလုံးကို ချစ်ခင်စုံမက်သူ အမျိုးသမီး | ၄ | ၄ |
| ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူ အမျိုးသား | ၁၁ | ၁၂ |
| ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူ အမျိုးသမီး | ၁၄ | ၁၂ |

တွေ့ဆုံမေးမြန်းသူ (၆၂) ဦး အနက် မိမိ၏ လိင်စိတ်တိမ်းညွတ်မှုကို မိသားစု က သိရှိပြီး လက်ခံထားသူ အရေအတွက်မှာ (၄) ဦးသာ ရှိပြီး လက်မခံဘဲ ငြင်းဆန်သူ (၃၄) ဦး ရှိပါသည်။ (၁၈) ဦးမှာ အရိပ်အမြွတ်မျှ သိရှိသူများ ဖြစ် ပြီး မိသားစုက သိခြင်းမသိခြင်းကို မသိသူ (၁၀) ဦး ရှိပါ သည်။

| | |
|---|---|
| မိသားစုက သိရှိပြီး လက်ခံထားသူ | ၄ |
| မိသားစုက လက်မခံဘဲ ငြင်းဆန်သူ | ၃၄ |
| မိသားစုက အရိပ်အမြွတ်မျှ သိရှိသူ | ၁၈ |
| မိသားစုက သိခြင်းမသိခြင်းကို မသိသူ | ၁၀ |

**အိမ်တွင်းအကြမ်းဖက်မှု ပုံစံများကို လေ့လာရာတွင်** နှုတ်အားဖြင့် အကြမ်းဖက်ခံရသူမှာ (၄၃) ဦးဖြင့် အများဆုံး ဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူမှာ (၁၉) ဦး ရှိသည်။ နှုတ်ပိုင်းဆိုင်ရာ ဆူပူမှုနှင့် ရုပ်ပိုင်းဆိုင်ရာ ရိုက်နှက်မှု နှစ်မျိုးစလုံးကို ခံစားရသူများမှာ (၄၀) ဦး ဖြစ်သည်။

| | |
|---|---|
| နှုတ်အားဖြင့် အကြမ်းဖက်ခံရသူ | ၄၃ |
| ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ | ၁၉ |
| နှစ်မျိုးလုံး အကြမ်းဖက်ခံရသူ | ၄၀ |

**အိမ်တွင်းအကြမ်းဖက်သူများ အုပ်စု အမျိုးအစားကို လေ့လာရာတွင်** မိသားစုနှင့် ဆွေမျိုး မောင်နှမများ၏ အကြမ်းဖက်မှုကို ရင်ဆိုင်ခံစားရသူ အရေအတွက်မှာ (၅၀) ဦး ရှိပြီး အများဆုံး ဖြစ်သည်။ အတူနေ ချစ်သူအချင်းချင်းက အကြမ်းဖက်မှုကို ရင်ဆိုင်ခံစားရသူမှာ (၉) ဦးနှင့် အတူနေ ဆွေမျိုးသားချင်းများက အကြမ်းဖက်မှုမှာ (၃) ဦး ရှိသည်။

| | |
|---|---|
| မိသားစုနှင့် ဆွေမျိုးမောင်နှမများ၏ အကြမ်းဖက်မှု | ၅၀ |
| အတူနေ ချစ်သူအချင်းချင်းက အကြမ်းဖက်မှု | ၉ |
| အတူနေ ဆွေမျိုးသားချင်းများက အကြမ်းဖက်မှု | ၃ |

**အိမ်တွင်းအကြမ်းဖက်ခံရသောကြောင့်** စိတ်ပိုင်း နှစ်သိမ့်ဆွေးနွေးမှု အကူအညီကို ရရှိသူ စုစုပေါင်း (၁၂) ဦး ရှိပြီး အကူအညီ မရရှိခဲ့သူပေါင်း (၅၀) ဦးထိ ရှိသည်ကို တွေ့ရသည်။

| | |
|---|---|
| စိတ်ပိုင်း နှစ်သိမ့်ဆွေးနွေးမှု အကူအညီကို ရရှိသူ | ၁၂ |
| စိတ်ပိုင်း နှစ်သိမ့်ဆွေးနွေးမှု အကူအညီကို မရရှိသူ | ၅၀ |

အကူအညီ မရရှိခဲ့သူများကို ထပ်မံလေ့လာရာတွင် မိမိပတ်ဝန်းကျင်တွင် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့် ဆွေးနွေးမှု ဝန်ဆောင်မှုများ အကြောင်းကို မသိရှိသူမှာ (၁၈) ဦး၊ အကူအညီ လိုအပ်ကြောင်းကို သိရှိ သဘောပေါက်သော်လည်း မိမိပတ်ဝန်းကျင်တွင် ထိုအစီအစဉ်များ ပံ့ပိုးပေးမှုများ မရှိသောကြောင့် မတိုင်ကြားသူ (၁၉) ဦး နှင့် သိရှိသော်လည်း သွားရောက်ပြီး အကူအညီ ရယူ

ရန် မဝံ့မရဲ ဖြစ်သူ စုစုပေါင်း (၂၅) ဦး ရှိသည်။

| | |
|---|---|
| စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှု ဝန်ဆောင်မှုများ အကြောင်းကို မသိရှိသူ | ၁၈ |
| ထိုအစီအစဉ်များ ပံ့ပိုးပေးမှုများ မရှိသောကြောင့် မတိုင်ကြားသူ | ၁၉ |
| သိရှိသော်လည်း သွားရောက်ပြီး အကူအညီ ရယူရန် မဝံ့မရဲ ဖြစ်သူ | ၂၅ |

# နောက်ခံအကြောင်းအရာ

## လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများနှင့် ဥပဒေပိုင်းဆိုင်ရာ မူဘောင်

### ဖွဲ့စည်းပုံအခြေခံဥပဒေ

နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားတို့အကြား ချုပ်ဆိုထားသော ပဋိညာဉ် ဖြစ်သည်။ နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ ထဲတွင် နိုင်ငံသားတိုင်း ရရှိခံစားပိုင်ခွင့်ရှိသော မူလ အခွင့်အရေးများကို သီးခြားဖော်ပြထားလေ့ ရှိပြီး နိုင်ငံတော်အစိုးရအနေနှင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သော လူ့အခွင့်အရေးများကို နိုင်ငံသားတိုင်း ခွဲခြားမှု လုံးဝမရှိဘဲ ရရှိခံစားနိုင်အောင် တာဝန်ခံရသည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၃၄၈) တွင် "*မည်သည့်နိုင်ငံသားကို မဆို လူမျိုး ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာ တို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရ*" ဟူ၍ တိတိကျကျ ဖော်ပြထားပါသည်။[1] သို့သော် ထိုအပိုဒ်တွင် မျက်မှောက်ကမ္ဘာတွင် ခွဲခြားခံရလေ့ရှိသော မသန်စွမ်းသူများနှင့် တိမ်းညွတ်မှု ကွဲပြားသူများဆိုသည့် စကားစုကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်

1 https://www.constitutionaltribunal.gov.mm/sites/default/files/constitution/pdf/2014/Apr/Constitution%202008Myan.pdf

နိုင်ငံသား ဖြစ်သည့်တိုင်အောင် ခန္ဓာကိုယ်မသန်စွမ်းမှုနှင့် လိင်စိတ်တိမ်း ညွှတ်မှု ခံယူမှု ကွဲပြားနေသည့် နိုင်ငံသားအပေါ် ခွဲခြားမှုအား အသိအမှတ် မပြုရာ ရောက်နေလျက် ရှိသည်။ ထိုသို့ ရေးသားထားခြင်းကြောင့် မသန်စွမ်း သူများနှင့် လိင်စိတ်တိမ်းညွှတ်မှု ခံယူမှုကွဲပြားသူများကို နိုင်ငံတော်အစိုးရ က အသိအမှတ် မပြုသလို ထိုသူတို့အပေါ် ခွဲခြားခြင်းအား ကာကွယ်ပေးရန် တာဝန်မရှိဆိုသည့် အဓိပ္ပာယ်ကို သက်ရောက်စေပါသည်။ ထို့ကြောင့် ဖွဲ့စည်း ပုံအခြေခံဥပဒေ အခန်း (၁) အခြေခံမူဝါဒများတွင် ဖော်ပြထားသည့် တန်းတူ ညီမျှမှုနှင့် ခွဲခြားမှုကင်းစင်မှုဆိုသော အခြေခံမူနှင့် ကွဲလွဲနေသည်။

## ရာဇသတ်ကြီးပြစ်မှုဥပဒေ

မြန်မာနိုင်ငံ၏ ရာဇသတ်ကြီး ပြစ်မှုဥပဒေတွင် လိင်စိတ်တိမ်းညွှတ်မှု ကွဲပြား မှုကို ရာဇဝတ်မှုမြောက်ကြောင်း တိုက်ရိုက်ဖော်ပြထားခြင်း မရှိပါ။ သို့သော် ရာဇသတ်ကြီးပုဒ်မ (၃၇၇)တွင်

> *"ယောက်ျားနှင့် ဖြစ်စေ၊ မိန်းမနှင့် ဖြစ်စေ၊ တိရိစ္ဆာန်နှင့် ဖြစ်စေ မည် သူမဆို မိမိအလိုအလျောက် ဓမ္မတာနှင့် ဆန့်ကျင်သော ကာမစပ် ယှက်မှုကို ပြုလျှင် ထိုသူကို တသက်တကျွန်းဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ်တမျိုးမျိုး ဖြစ်စေ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"* ဟု ဆိုထားသည်။[2]

ထိုအပိုဒ်အရ သဘာဝနှင့်ဆန့်ကျင်သော လိင်ဆက်ဆံမှုသည် ရာဇဝတ်မှု မြောက်ကြောင်း သတ်မှတ် ဖော်ပြထားသည်။ ထိုအပိုဒ်တွင် ဖော်ပြထားသည့် "သဘာဝနှင့် ဆန့်ကျင်သော လိင်ဆက်ဆံခြင်း" ဆိုသည့် အဓိပ္ပာယ်ကို တိတိ ကျကျ ဖော်ပြထားခြင်း မရှိသော်လည်း လိင်တူချင်း နှစ်ဦးသဘောတူသည် ဖြစ်စေ မတူသည်ဖြစ်စေ ထိုသို့ လိင်ဆက်ဆံမှုကို သဘာဝနှင့် ဆန့်ကျင်သည် ဆိုသည့် အဓိပ္ပာယ်မျိုး သက်ရောက်နေပါသည်။ ထိုကဲ့သို့ သတ်မှတ်ထားချက် ကြောင့် လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများသည် သာမာန်လူကဲ့သို့ မဟုတ် ဘဲ သဘာဝနှင့် ဆန့်ကျင်သောသူများ ဖြစ်ကြောင်း ဥပဒေ ကိုယ်တိုင်ကပင်

2 https://www.burmalibrary.org/docs6/MYANMAR_PENAL_CODE-corr.1.pdf

သတ်မှတ်ထားသကဲ့သို့ ဖြစ်နေသည်။

ယခင်က ဗြိတိသျှကိုလိုနီ ဖြစ်ခဲ့သော နိုင်ငံတချို့တွင် မကြာသေးမီ နှစ်များအတွင်းက အရွယ်ရောက်သူ နှစ်ဦးအကြား နှစ်ဦးသဘောတူ လိင်တူဆက်ဆံမှုအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ပြီး တားမြစ်ထားခြင်းကို ဖျက်သိမ်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံတွင် လည်းကောင်း၊[3] ထိုနှစ်မှာပင် ထရီနန်တက်နှင့် တိုဘာကိုနိုင်ငံတို့တွင် လည်းကောင်း၊[4] ၂၀၁၉ ခုနှစ်က ဘော်စဝါးနားနိုင်ငံ[5] နှင့် အင်ဂိုလာနိုင်ငံ[6] တို့တွင် လည်းကောင်း၊ နှစ်ဦးသဘောတူ လိင်တူဆက်ဆံမှုကို ရာဇဝတ်မှုမြောက်စေခြင်းအား ဖျက်သိမ်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ရှိသော လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ထိုပုဒ်မကို ဖျက်သိမ်းရန် လှုံ့ဆော်မှုများ လုပ်ဆောင်ခဲ့သော်လည်း ယခုတိုင် ဖျက်သိမ်းခြင်း မရှိသေးပါ။ ထို့ကြောင့် ထိုရာဇသတ်ကြီး ပုဒ်မသည် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများအပေါ် ရာဇဝတ်မှုအဖြစ် အပြစ်ပေးသည့် တရားစီရင်ရေးအပိုင်းကိုသာ သက်ရောက်ယုံသာမက ထိုသူတဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု အပေါ်တွင်ပါ အထူးသက်ရောက်မှု ရှိကြောင်း လေ့လာရသည်။ ရာဇဝတ်မှုအဖြစ် သတ်မှတ်ခံထားရပြီး ရာဇဝတ်ကောင်များ အဖြစ် ဆက်ဆံမှုများကြောင့် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ အပေါ် လူမှုရေး၊ စီးပွားရေးနှင့် အခြား ကဏ္ဍမျိုးစုံတို့တွင်ပါ ခွဲခြားဆက်ဆံမှုများကို ရင်ဆိုင်နေကြရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ရှေ့တွင် ပုဒ်မ (၃၇၇) နှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ စိန်ခေါ်မှုမျိုး ယခုတိုင် မရှိသေးချေ။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေး အရာရှိက ပုဒ်မ (၃၇၇) သည် ပုဂ္ဂလိက လွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်၊ ခွဲခြားဆက်ဆံခြင်းမှ ကင်းလွတ်ခွင့် တို့ကို ထိပါး နှောက်ယှက်နေသော ပုဒ်မ ဖြစ်သည့် အတွက်

---

3 https://www.constitutionaltribunal.gov.mm/sites/default/files/constitution/pdf/2014/Apr/Constitution%202008Myan.pdf

4 https://economictimes.indiatimes.com/news/politics-and-nation/how-trinidad-and-tobago-played-a-key-role-in-indias-ongoing-lgbt-hearing/articleshow/64991216.cms

5 https://mg.co.za/article/2019-06-11-botswana-high-court-ruling-a-victory-for-countrys-queer-communities/

6 https://news.un.org/en/story/2019/01/1031292

ဖျက်သိမ်းရန် ထောက်ခံ အကြံပြုခဲ့ပါသည်။[7]

တချိန်တည်းမှာပင် ရာဇသတ်ကြီးပုဒ်မ (၃၇၇) တွင် တိကျခိုင်လုံမှု မရှိသော အဓိပ္ပာယ် သတ်မှတ်ချက်ကို အကြောင်းပြု၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် တရားစီရင်ရေး ဝန်ထမ်းများက လိုသလို ထပ်မံ အဓိပ္ပာယ်ဖွင့်ကာ အပြစ်ပေး အရေးယူနိုင်မှုများလည်း ရှိသည်။ “သဘာဝနှင့်ဆန့်ကျင်ပြီး လိင်ဆက်ဆံခြင်း” ဆိုသည့် ခေါင်းစဉ်အောက်တွင် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူ အများစုသည် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တပ်ဖွဲ့ဝင်များ၏ အနိုင်အထက်ပြုကျင့်မှု၊ ငွေညှစ်မှု၊ အာဏာအလွဲသုံးစား လုပ်မှု စသည့် တရားဥပဒေမဲ့လုပ် ဆောင်မှုများကို ရင်ဆိုင်ကြရသည်။

ရာဇသတ်ကြီး ပုဒ်မ (၃၇၇) ကဲ့သို့ ဟောင်းနွမ်းဆွေးမြေ့နေသော ဥပဒေ ပုဒ်မအပြင် အခြား ရဲအက်ဥပဒေ တချို့ကလည်း လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ အပေါ် ဆက်လက် ခြိမ်းခြောက်လျက် ရှိသည်။ တချို့သော ရဲအက်ဥပဒေများသည် ရဲတပ်ဖွဲ့ဝင်များကို ဟန့်တားမှု၊ ရှာဖွေမှု၊ ဖမ်းဆီးမှုနှင့် ပတ်သက်ပြီး အာဏာစိတ်ကြိုက် ကျင့်သုံးနိုင်ခွင့်ကို ပေးထားသည်။ ထင်ရှားသော ရဲအက်ဥပဒေနှစ်ခုမှာ ရန်ကုန်မြို့တွင် သက်ရောက်သော ၁၈၉၉ ခုနှစ် ရန်ကုန်ရဲဥပဒေ ပုဒ်မ (၃၀) နှင့် မြန်မာပြည် တဝှမ်းလုံးတွင် သက်ရောက်သော ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ (၃၅) တို့ ဖြစ်သည်။[8]

## လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများနှင့် မြန်မာနိုင်ငံ လူမှုယဉ်ကျေးမှု အမြင်

လူမှုရေး ရှုထောင့်အရ ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားနေသူကို မိသားစု အသိုင်းအဝိုင်းတွင် အသိအမှတ်ပြုမှု အနည်းငယ်သာ ရှိပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူ (၆၂) ဦး အနက် မိမိ၏ လိင်စိတ်တိမ်းညွတ်မှုကို မိသားစုက သိရှိပြီး လက်ခံထားသူ အရေအတွက်မှာ (၄)

7 Report by the Special Rapporteur on the situation of human rights in Myanmar, 18 march, 2016, UN Doc:A/HRC/31/71 annex page 27

8 https://www.burmalibrary.org/docs15/1945-Police_Act-en.pdf

ဦးသာ ရှိပြီး လက်မခံဘဲ ငြင်းဆန်သူ (၃၄) ဦး ရှိပါ သည်။ (၁၈) ဦး မှာ အရိပ်အမြွက်မျှ သိရှိသူများ ဖြစ်ပြီး မိသားစုက သိခြင်း မသိခြင်းကို မသိသူ (၁၀) ဦး ရှိပါသည်။

| | |
|---|---|
| မိသားစုက သိရှိပြီး လက်ခံထားသူ | ၄ |
| မိသားစုက လက်မခံဘဲ ငြင်းဆန်သူ | ၃၄ |
| မိသားစုက အရိပ်အမြွက်မျှ သိရှိသူ | ၁၈ |
| မိသားစုက သိခြင်းမသိခြင်းကို မသိသူ | ၁၀ |

လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် အသိအမှတ်ပြုမှု အစား ကဲ့ရဲ့ရှုံ့ချမှုနှင့် ခွဲခြားဖိနှိပ်မှုက ပိုမို များပြားနေလျက် ရှိပါသည်။ လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများထဲတွင်ပင် အမျိုးသားချင်း ချစ်ခင်စုံမက်သူ (Gay) နှင့် ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲ ပြုမူနေထိုင်သူများ (Transgender) များ အပေါ် လက်ခံမှု မရှိခြင်းအား ပိုမို တွေ့ရှိတတ်သည်။

ထိုသို့ဖြစ်ရခြင်းမှာ ဘာသာရေးအယူအဆများနှင့် များစွာသက်ဆိုင်နေသည်ကို တွေ့ရှိရသည်။ ဗုဒ္ဓဘာသာဆိုဆုံးမချက်များ ထဲတွင် အမျိုးသားချင်းချစ်ခင် စုံမက်သူ (Gay) နှင့် ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူများ (Transgender) များ ဖြစ်လာရခြင်းမှာ သံသရာနှင့် ကံအကျိုးပေးများကြောင့် ဖြစ်သည်ဟု ပါဝင်သည်။ အတိတ်ဘဝ၏ သူတပါးသားမယားကို ပြစ်မှားခဲ့သည့် ကံအကျိုးပေးကြောင့် ယခုဘဝတွင် ထိုဘဝမျိုး ရောက်ရှိသည်ဟု ဟောပြောလေ့ ရှိသည်။[9] ထိုဘဝရောက်ရသည်မှာ ကံ၊ ကံ၏အပြစ်ကို ခံစားနေရသောကြောင့်ဖြစ်သည်ဟု ယုံကြည်နေကြသည့် အတွက် ထိုလူမျိုးများကို လူ့အသိုင်းအဝိုင်းတွင် နိမ့်ကျသောသူများအဖြစ် လက်ခံမှတ်ယူထားလေ့ရှိသည်။

ထို့ပြင် အနုပညာဖျော်ဖြေရေး လုပ်ငန်းများတွင် လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများကို လှောင်ပြောင်စရာ ဇာတ်ကောင်များအဖြစ် တင်ဆက်နေခြင်း

9 Gilbert, David, "Categorsing Gender in Queer Yangon" in Sojourn, Journal of Social Issues in Southeast Asia, Vol.28, No.2, 2013

ကလဲ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများကို လူအများက အထင်သေး အောင် ပုံ့ပိုးနေသလို ဖြစ်နေသည်။ မြန်မာ့ ရုပ်ရှင်၊ ဗီဒီယို နှင့် သဘင် တို့တွင် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများကို မနှစ်မြို့စရာ သဘာဝလွန် ဇာတ် ကောင်များ အဖြစ် ဟာသဆန်ဆန် တင်ဆက်လေ့ ရှိပြီး လှောင်ပြောင်စော် ကား အနိုင်ကျင့်စရာ အဖြစ် မြင်လာစေသည်။[10]

ဥပဒေဆိုသည်မှာ ပြည်သူများ၏ အားကိုးစရာ၊ တရားဥပဒေစိုးမိုးရေး ဝန် ထမ်း ဆိုသည်မှာ ပြည်သူများ အတွက် အကူအညီပေးသူများ ဖြစ်ရမည့် လူအသိုင်းအဝိုင်း အတွင်းတွင် ဥပဒေကို လိုသလို အဓိပ္ပာယ် ဖွင့်နိုင်ပြီး ထင် သလိုစီရင်မှုများ ရှိနေသောကြောင့် မြန်မာနိုင်ငံရှိ လိင်စိတ် တိမ်းညွတ်မှု ကွဲ ပြားသူ အများစုသည် ရဲဟု ဆိုလိုက်သည်နှင့် ပုဒ်မ (၃၇၇) ကို အကြောင်းပြ ပြီး ငွေညှစ်အနိုင်ကျင့် စော်ကားနိုင်သောသူများ အဖြစ် ထင်မှတ် လက်ခံလာ သည်။ အယုံအကြည် ကင်းမဲ့နေသည်။ တရားဥပဒေစိုးမိုးရေး တာဝန်ထမ်း ဆောင်သူများက လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများကို တရားဥပဒေမဲ့ လုပ် ဆောင်ခဲ့မှုများကြောင့် ထိုသူတို့အပေါ် ယုံကြည်မှုများ ပျက်ပြားပြီး တရားစီ ရင်ရေး ယန္တယား အပေါ်ကိုလည်း အားမကိုး လိုတော့ချေ။

ဥပဒေများ ရေးဆွဲရာတွင် ပြည်သူလူထု၏ အယူအဆများနှင့် လူထုအမြင် များ၏ သက်ရောက်မှုများ ရှိနိုင်သလို ဥပဒေအဖြစ် ပြဋ္ဌာန်းသော အရာများ ကြောင့်လည်း ရိုးရာယဉ်ကျေးမှု အစွဲတွေ ပေါ်တွင် ပြန်လည် သက်ရောက်မှု များစွာ ရှိပါသည်။ ဥပဒေကိုယ်တိုင်က ခွဲခြားမှုကို အားပေးသည့် ဥပဒေ ဖြစ် နေပါက ပတ်ဝန်းကျင် လူမှုအသိုင်းအဝိုင်းကြားမှာ ရှိသော အစွဲများကို ပိုမို ခိုင်မာစေကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဒ်မ (၃၇၇) နှင့် အထက်ပါ ဥပဒေများသည် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူ များ အပေါ်တွင် ဥပဒေအရ ခွဲခြားမှုများ သာမက လူမှုအသိုင်းအဝိုင်း ပတ် ဝန်းကျင်တွင်လည်း ဆိုးဆိုးဝါးဝါး သက်ရောက်စေပါသည်။ ထိုပုဒ်မအရ လိင်

10 တုန်ခြင်းမှုန်ခြင်းသည်းခံပါ။ Synergy, August, 2020

စိတ်တိမ်းညွှတ်မှု ကွဲပြားသူများကို အကျင့်သိက္ခာ ပျက်ပြားနေသောသူများ အဖြစ် သရုပ်ဖော် ပေးနေပါသည်။ ထို့ကြောင့် လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများသည် လူမှုအသိုင်းအဝိုင်းနှင့် မထိုက်တန်သောသူများ၊ လက်မခံသင့်သောသူများ ဖြစ်သည်ဆိုသော ပုံစံခွက် အမြင်များကို ပတ်ဝန်းကျင်တွင် ဖြန့်ဖြူးပေးလျက် ရှိသည်။ လိင်ပိုင်းဆိုင်ရာ စံလွဲနေသောသူများ အဖြစ် ပုံဖော်ခြင်း ခံရသည့် အတွက် လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများသည် ပင်မ လူမှုအသိုင်းအဝိုင်း ကြားတွင် သီးခြား ရှင်သန်နေရသော လူသားများ ဖြစ်လာကြသည်။ လူမှုအသိုင်းအဝိုင်း ပတ်ဝန်းကျင်ကလည်း အိမ်တွင်း အကြမ်းဖက်ခံရသည့် လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများ အပေါ် စာနာမှု မရှိခြင်း၊ ကူညီလိုသော စိတ်ထားမရှိဘဲ ရွံမုန်းစရာ အဖြစ် သတ်မှတ်ထားခြင်းများ ခိုင်မာစွာ ရှိနေသည်။ ထိုသို့ ရှိနေခြင်းကြောင့် အိမ်တွင်း အကြမ်းဖက်ခံရသော လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများသည် လူမှု အသိုင်းအဝိုင်းတွင်းတွင် ရှိသော လူမှုရေး အကူအညီများနှင့် တခြားဝန်ဆောင်မှုများကို လက်လှမ်းမီ ရရှိရန် အတွက် အခက်အခဲများ စွာ ကြုံလျက်ရှိသည်။

## အိမ်တွင်းအကြမ်းဖက်မှု

အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် မိသားစုတွင်း အကြမ်းဖက်မှု ဆိုသည့် အဓိပ္ပာယ်ဆိုသည်မှာ ရင်းနှီးကျွမ်းဝင်သည့် အဖော်များက ဖြစ်စေ၊ မိသားစုဝင်များက ဖြစ်စေ ကျူးလွန်လေ့ရှိသော အကြမ်းဖက်မှု ပုံစံ တစ်မျိုး ဖြစ်ပါသည်။ အများအားဖြင့် အမျိုးသမီးများအပေါ် ကျူးလွန်လေ့ ရှိသောကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံတခု အဖြစ် သတ်မှတ်ထားလေ့ ရှိသော်လည်း မည်သူမဆို ရင်ဆိုင်ကြုံတွေ့ ရတတ်ပါသည်။

မြန်မာနိုင်ငံတွင် ရှိသော အသက် (၁၅) နှစ် မှ (၄၉) နှစ် အတွင်းရှိ အိမ်ထောင်ရှင် အမျိုးသမီးများ၏ (၁၇) ရာခိုင်နှုန်းသည် ဘဝတွင် အနည်းဆုံး တကြိမ်ခန့် အိမ်ထောင်ဖက်၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံစားခဲ့ဖူးကြသည်ဟု စစ်တမ်းတခုက ဖော်ပြထားသည်။[11]

11 UN Women, 2016

အမျိုးသမီးများ အပြင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပေါ် အကြမ်းဖက်မှုများလဲ ရှိသလို မိသားစုအတွင်း လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများနှင့် မသန်စွမ်းသူများ အပေါ် အိမ်တွင်းအကြမ်းဖက်မှုများလဲ ဖြစ်ပွားလျက် ရှိပါသည်။ ယခုစာတမ်းတွင် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ အပေါ် အိမ်တွင်း အကြမ်းဖက်မှုများကိုသာ အဓိက ဆန်းစစ် တင်ပြသွားမည် ဖြစ်သည်။

## အိမ်တွင်းအကြမ်းဖက်မှုနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများ

တန်းတူညီမျှမှု ဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ပဋိညာဉ်ထဲတွင် ဖော်ပြထားသော လူ့အခွင့်အရေးဆိုင်ရာ မူလအခြေခံ သဘောတရား တစ်ခု ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ပဋိညာဉ် ထဲတွင် “*လူမျိုး၊ လိင်၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှုတို့အား အခြေခံပြီး လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှု တို့ကို ခွဲခြားခြင်း မရှိစေရ၊ လူသားအားလုံး တန်းတူရရှိရမည်*” ဟု အတိအလင်း ဖော်ပြ ပြဌာန်းထားပါသည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကုလသမဂ္ဂကနေ အတည်ပြု ပြဌာန်းခဲ့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ နိဒါန်းမှာလည်း “*တန်းတူညီမျှမှု အာမခံချက်ဆိုသည်မှာ လူသားမျိုးနွယ်ဝင် အားလုံး၏ မွေးရာပါ ဂုဏ်သိက္ခာ၊ အားလုံး တန်းတူညီမျှမှုနှင့် မသက်ဆိုင်သလို လျစ်လျူရှု၍ မရသော အခွင့်အရေးများအား အသိအမှတ်ပြုခြင်းသည် ကမ္ဘာတစ်ဝှမ်း လွတ်လပ်မျှတမှု၊ ငြိမ်းချမ်းမှု တို့၏ မူလအခြေခံ သဘောတရား ဖြစ်သည်*” ဟု ဖော်ပြထားပါသည်။ တန်းတူညီမျှမှု ဆိုသည့် အကြောင်းအရာကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် (၁) နှင့် (၂) တွင်လည်း အတိအလင်း ပြဌာန်းထားပါသည်။ အပိုဒ် (၁) တွင် “*လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာခဲ့ကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရှိကြသည်*” ဟု ဖော်ပြထားသလို အပိုဒ် (၂) တွင်လည်း “*လူသားအားလုံးသည် အသားအရောင်၊ လိင်၊ ကိုးကွယ်သည့် ဘာသာ၊ ကျား/မ၊ အယူအဆ ကွဲပြား*

*သည် ဖြစ်စေ မည်သူကိုမှ ခွဲခြားခြင်း မရှိစေရ*” ဟု အတိအလင်း ရေးသား ထားသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းသည် နိုင်ငံ အားလုံးက လိုက်နာရမည် ဆိုသော စာချုပ်စာတမ်း သဘောမျိုး မဟုတ်သော် လည်း ကျင့်ဝတ်အရ လေးစားလိုက်နာရန် တာဝန်ရှိသော စာတမ်းတခု ဖြစ်ပါ သည်။ ထို့ကြောင့် ခွဲခြားမှုကို အခြေခံသော အရာအားလုံး ပပျောက်အောင် လုပ်ဆောင်ပေးရန် အတွက် အထူးသဖြင့် ခွဲခြားမှု၏ နောက်ဆက်တွဲ အဖြစ် ပေါ်ပေါက်လာခဲ့သော မည်သည့် အကြမ်းဖက်မှုကို မဆို ကာကွယ်တားဆီး ရန် အတွက် အစိုးရများတွင် တာဝန်ရှိပါသည်။

၁၉၇၉ ခုနှစ်တွင် အတည်ပြုနိုင်ခဲ့သော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲ ခြားဆက်ဆံမှုအားလုံး ပပျောက်ရေးသဘောတူစာချုပ် (CEDAW) ကို အမျိုး သမီးဆိုင်ရာ အခွင့်အရေးအတွက် အရေးပါသော အမျိုးသမီးစာချုပ် အဖြစ် လူသိများသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ အမျိုးသမီး များ အပေါ် ခွဲခြားသည့် အမြင်များနှင့် အယူအဆ အစွဲများအပေါ် အခြေခံပြီး ပေါ်ပေါက်လာခြင်း ဖြစ်သောကြောင့် စာချုပ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အိမ် တွင်းအကြမ်းဖက်မှု အပါအဝင် အကြမ်းဖက်မှု အားလုံးကို တားဆီးပေးရန် တာဝန်ရှိ ပြန်ပါသည်။ ထို စီဒေါစာချုပ်ကို မြန်မာနိုင်ငံ အပါအဝင် အာစီယံ နိုင်ငံ (၁၀) နိုင်ငံလုံးက အတည်ပြု လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။[12]

အိမ်တွင်း အကြမ်းဖက်မှု ဆိုသည်မှာ ပုဂ္ဂလိကနယ်ပယ် အတွင်းမှာ ဖြစ်ပွား လေ့ ရှိသည့်အတွက် ပုဂ္ဂလိကဆိုင်ရာ သို့မဟုတ် မိသားစုကိစ္စရပ် အဖြစ် လူမှု အသိုင်းအဝိုင်းက လက်ခံထားလေ့ ရှိသည်။ သို့သော် အမျိုးသမီး အပေါ် အိမ် တွင်း အကြမ်းဖက်မှုနှင့် ပတ်သက်၍ စီဒေါစာချုပ်ကော်မတီက ထုတ်ပြန် ထားသည့် အထွေထွေအကြံပြုချက် အမှတ် (၁၉) တွင် အိမ်တွင်း အကြမ်း ဖက်မှုနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ဖော်ပြထားပါသည်။

“*အိမ်တွင်း အကြမ်းဖက်မှုသည် မသိမသာ ကူးစက်ပြန့်နှံ့တတ်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံတမျိုး ဖြစ်သည်။ ၎င်းသည်*

---

12 Gilbert, David, “Categorsing Gender in Queer Yangon” in Sojourn, Journal of Social Issues in Southeast Asia, Vol.28, No.2, 2013

*လူ့အဖွဲ့အစည်း အားလုံးတွင် ပျံ့နှံ့စိုးမိုးလျက် ရှိသည်။ မိသားစု အတွင်းရှိ အသက်အရွယ်မရွေး အမျိုးသမီးများသည် ညှင်းပမ်း နှိပ်စက်မှု၊ မုဒိန်းမှု၊ တခြားသော လိင်ပိုင်းဆိုင်ရာ ထိပါးတိုက်ခိုက်မှု ပုံစံများ၊ လိင်ပိုင်းဆိုင်ရာနှင့် မိရိုးဖလာ အစဉ်အလာအရ ကျူးလွန် သည့် အခြား အကြမ်းဖက်မှု ပုံစံများ အပါအဝင် အကြမ်းဖက်မှုပုံစံ အားလုံးကို ခံစားနေကြရသည်။ စီးပွားရေးဆိုင်ရာ လွတ်လပ်မှု ကင်းမဲ့ခြင်းကြောင့် အမျိုးသမီးများသည် ရက်စက်ကြမ်းကြုတ် သော ဆက်ဆံရေးကို ခံစားလျက် မလွှဲမရှောင်သာ အသက်ရှင် နေထိုင်ရသည်။ ၎င်းတို့၏ မိသားစုတာဝန်များကို အမျိုးသားများက ပစ်ပယ်ခြင်းသည် အကြမ်းဖက်မှုနှင့် အကြပ်ကိုင်မှုပုံစံ တစ်ရပ် ဖြစ်နိုင်သည်။ ၎င်းအကြမ်းဖက်မှု ပုံစံများသည် အမျိုးသမီးများ၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် အခြေအနေ ရောက်စေပြီး ၎င်းတို့၏ မိသားစုဘဝများနှင့် အများပြည်သူဆိုင်ရာ ဘဝ၌ တန်းတူ ညီမျှမှု အခြေခံအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် အရည်အသွေးကို အဟန့်အတား ဖြစ်စေသည်*" ဟု ဖော်ပြထားပါသည်။[13]

CEDAW စာချုပ်၏ အထွေထွေအကြံပြုချက် အမှတ် (၁၉) အရ[14] "*အိမ်တွင်း အကြမ်းဖက်မှုကြောင့် အမျိုးသမီးများ၏ အခွင့်အရေးတွင် အပါအဝင် ဖြစ် သည့် အသက်ရှင် နေထိုင်ပိုင်ခွင့်ကို ထိပါး နှောက်ယှက်နိုင်သည်*" ဟု ဖော်ပြ ထားသည်။ အိမ်တွင်း အကြမ်းဖက်မှုကြောင့် သေဆုံးရသော အမျိုးသမီးများ အရေအတွက်ကလည်း ကမ္ဘာနိုင်ငံအသီးသီးတွင် အံ့အားသင့်စရာ မြင့်မား နေလျက် ရှိ၏။

"*အိမ်တွင်း အကြမ်းဖက်မှုသည် နှိပ်စက်ညှင်းပမ်းခြင်း မြောက်သည်*" ဟု နှိပ် စက်ညှင်းပမ်းမှုဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး အရာရှိ Manfred Nowak

13 https://tbinternet.ohchr.org/Treaties/CEDAW/Shared%20Documents/1_Global/INT_CEDAW_GEC_3731_E.pdf
14 https://www.refworld.org/docid/52d920c54.html

က ၂၀၀၈ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံကို တင်သွင်းသည့် အစီရင်ခံစာထဲတွင် ပထမဦးဆုံး ရေးသား ဖော်ပြခဲ့ပါသည်။[15] ဒီအဆိုနှင့် ပတ်သက်၍ အခုအချိန်ထိ ဆွေးနွေးနေဆဲ ဖြစ်သော်လည်း ထိုတင်ပြခဲ့သည့် အဆို၏ အရေးပါမှုကြောင့် နှိပ်စက်ညှဉ်းပမ်းမှုကို ကာကွယ်တားဆီးရေးအား နိုင်ငံတိုင်းက လေးစားလိုက်နာပြီး မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အကြောင်းအရာ တခုအဖြစ် နောက်ပိုင်းတွင် သတ်မှတ်လာခဲ့ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံများ အားလုံးတို့သည် အမျိုး သမီးများ အနေဖြင့် တရားဥပဒေ ရှေ့မှာ တန်းတူညီမျှမှုရရှိရန် အတွက် အာမခံပေးရန် နှင့် ဥပဒေ၏ အကာအကွယ်ကို တန်းတူရရှိအောင် လုပ်ဆောင်ပေးရန် တာဝန်အပြည့်အဝ ရှိသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ရာဇသတ်ကြီး ဥပဒေများတွင် ထည့်သွင်း၍ ဖြစ်စေ၊ သို့မဟုတ် အိမ်တွင်း အကြမ်းဖက်မှု ကာကွယ်တားဆီးရေးဆိုင်ရာ သီးသန့်ဥပဒေကို ပြဋ္ဌာန်းပေး၍ ဖြစ်စေ လုပ်ဆောင်ပေးရန် တာဝန်ရှိသည်။

## အိမ်တွင်း အကြမ်းဖက်မှုနှင့် မြန်မာနိုင်ငံ၏ ဥပဒေပိုင်းဆိုင်ရာ မူဘောင်

အရှေ့တောင်အာရှနိုင်ငံများ အနက် အိမ်တွင်း အကြမ်းဖက်မှု တားဆီးရေး ဥပဒေကို နိုင်ငံ (၈) နိုင်ငံတွင် ပြဋ္ဌာန်းထားပြီး ဘရူနိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ တို့တွင် ရေးဆွဲထားခြင်း မရှိသေးပါ။ မြန်မာနိုင်ငံတွင် အိမ်တွင်း အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ သီးသန့်ဥပဒေ မရှိသေးသော်လည်း နှစ်ပေါင်းများစွာ ကျင့်သုံးလာသော ရာဇသတ်ကြီးဥပဒေ သို့မဟုတ် ရာဇဝတ်မှု ဥပဒေအရ နှိပ်စက်ညှဉ်းပမ်းမှု အဖြစ် သတ်မှတ်ကာ အရေးယူနိုင်ပါသည်။

15 Report of the Special Rapporteur on torture, and other cruel, inhuman or degrading treatment or punishment, Manfred Npwak. A/HRC/7/3 Jan 2008

ရာဇဝတ်မှုဥပဒေအရ နှိပ်စက်ညှင်းပမ်းမှုကို အောက်ပါ ပုဒ်မများနှင့် အရေးယူနိုင်သည်။[16]

- *ပုဒ်မ (၃၂၃) တွင် "မည်သူမဆို တခြားသူတစ်ဦးကို မိမိအလို အလျောက် နာကျင်စေမှု ဖြစ်စေလျှင် တရားစွဲဆိုနိုင်သည်။ ထို သာမန်နာကျင်စေမှု အတွက် ထောင်ဒဏ် (၁) နှစ် ချမှတ်နိုင်သည်။"*
- *ပုဒ်မ (၃၂၄) တွင် "ဘေးဖြစ်စေတတ်သော လက်နက်နှင့် သို့တည်း မဟုတ် နည်းဖြင့် အလိုအလျောက် နာကျင်စေမှု ဥပမာ- တုံးသော အရာဝတ္ထုဖြင့် ရိုက်ခြင်းကို ထောင်ဒဏ် (၃) နှစ်ထိ ချမှတ်နိုင်သည်။"*
- *ပုဒ်မ (၃၂၅) တွင် "ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် အပြင်း အထန် နာကျင်စေမှု ဖြစ်လျှင် ဥပမာ- ချွန်ထက်သော အရာဝတ္ထုဖြင့် ပြုလုပ်ခြင်းကို ထောင်ဒဏ် (၇) နှစ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ နှစ်ရပ်လုံး ချမှတ်နိုင်မည်။*
- *ပုဒ်မ (၃၂၆) တွင် "ဘေးဖြစ်စေတတ်သော လက်နက်၊ ဓား၊ မီး၊ လောင်ကျွမ်းစေသော အရာဝတ္ထု၊ ပေါက်ကွဲစေတတ်သော အရာဝတ္ထုဖြင့် အပြင်းအထန် နာကျင်စေမှုကို ဖြစ်စေလျှင် ထိုသူသည် ထောင်ဒဏ် တသက်တကျွန်း ဖြစ်စေ၊ ထောင်ဒဏ် (၁၀) နှစ် အထိ ဖြစ်စေ ချမှတ်နိုင်သည့် အပြင် ငွေဒဏ် ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်။*

ထိုမျှမက အိမ်ထောင်ဖက်ဖြစ်သော်လည်း လိင်ဆက်ဆံပါက ရာဇဝတ်မှု မြောက်ပါသည်။

- *ရာဇဝတ်မှု ဥပဒေ (၃၇၆) တွင် "မည်သူမဆို မိမိ၏ အိမ်ထောင်ဖက်ကို အလိုမတူပဲ လိင်ဆက်ဆံရန် ကြိုးစားမှု ပြုလုပ်လျှင် အိမ်ထောင်ဖက် မုဒိန်းမှု မြောက်ပါသည်။ ရာဇဝတ်မှုဥပဒေ ပုဒ်မ (၃၇၆) ဖြင့် တရား စွဲဆိုနိုင်ပြီး ထောင်ဒဏ် (၂) နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်။"*

မြန်မာနိုင်ငံသည် စီဒေါစာချုပ် အဖွဲ့ဝင်နိုင်ငံ ဖြစ်သော်လည်း အမျိုးသမီးများ

16 တုန်ခြင်းမှုန်ခြင်းသည်းခံပါ။ Synergy, August, 2020

အား အထူးကာကွယ်ပေးသည့် နိုင်ငံတော်အဆင့် ဥပဒေ မရှိသေးပါ။ ထို့ကြောင့် စီဒေါကော်မတီသည် မြန်မာနိုင်ငံအစိုးရအား အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုအား ဥပဒေထုတ်ပြန်၍ ကာကွယ်ပေးရန် အကြံပြုချက်များ ထုတ်ပြန်ခဲ့သည်။ အမျိုးသမီးအခွင့်အရေးနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများကလဲ ကာကွယ်တားဆီးရေး ဥပဒေတခုကို ပြဌာန်းနိုင်ရန် တောင်းဆိုမှုများ လုပ်ဆောင်ခဲ့သည်။ ထို ဥပဒေကြမ်းတခုကို ၂၀၁၃ ခုနှစ်က စတင်၍ မူကြမ်းရေးဆွဲခဲ့ ပြီး ၂၀၁၉ ခုနှစ်တွင် "အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကြမ်း" အဆင့်အထိ ထွက်ပေါ်လာခဲ့သည်။ ဥပဒေကြမ်းကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ (၁၅) ရက်နေ့တွင် အစိုးရသတင်းစာထဲတွင် အများပြည်သူ သိရှိအောင် ထုတ်ပြန် ကြေညာခဲ့သည်။ ထိုဥပဒေမူကြမ်း ထဲတွင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုဆိုသည့် စကားလုံးနှင့် အိမ်တွင်း အကြမ်းဖက်မှုဆိုသည့် စကားလုံးတို့၏ အဓိပ္ပာယ်တို့ကို ထည့်သွင်းဖော်ပြထားသည်။

> အကြမ်းဖက်မှုကို *"ဤဥပဒေအရ အမျိုးသမီးဖြစ်ခြင်း အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း၊ အမျိုးသမီး အပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း သို့မဟုတ် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု တခုခုကို ခြိမ်းခြောက်၍သော်လည်းကောင်း၊ အနိုင်အထက်ပြု၍သော်လည်းကောင်း အခြားတနည်းနည်းဖြင့်သော်လည်းကောင်း ပြုလုပ်မှုကို ဆိုသည်၊"* ဟု ဆိုထားသည်။
>
> *အိမ်တွင်း အကြမ်းဖက်မှု ဆိုသည်ကို "သွေးရင်း မိသားစုဝင် တဦးဦးက ဖြစ်စေ၊ အိမ်ထောင်စုဝင် တဦးဦးက ဖြစ်စေ အမျိုးသမီးအပေါ် အကြမ်းဖက်ပြုခြင်းကို ဆိုသည်။" ဟု ဖော်ပြထားပါသည်။*

ထိုဥပဒေမူကြမ်းသာ အတည်ပြု ပြဌာန်းလာမည် ဆိုပါက အမျိုးသမီးများကို အိမ်တွင်း အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ပေးနိုင်မည် ဖြစ်သည်။ သို့သော် ထိုဥပဒေသည် အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူ အမျိုးသမီးများ

(Transgender Women) များကို ကာကွယ်ပေးနိုင်မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုဥပဒေက ကာကွယ်ပေးရန် အဓိပ္ပာယ်ဖွင့်ဆိုထားသော အမျိုးသမီး ဆိုသည်မှာ "အသက်အရွယ်ကြီးသည် ဖြစ်စေ ငယ်သည် ဖြစ်စေ လူမိန်းမကို ဆိုသည်။" ဟု သတ်မှတ်ထားသောကြောင့် ဖြစ်သည်။ ထို အဓိပ္ပာယ် ကို မြန်မာနိုင်ငံတွင် လက်ရှိထိ အာဏာတည်နေသော ရာဇသတ်ကြီးဥပဒေ အတိုင်း ပြန်လည် အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း ဖြစ်သည်။ မွေးဖွားလာကတည်းက အမျိုးသမီး အဖြစ် မွေးဖွားလာသော အမျိုးသမီးများကိုသာ ဆိုလိုခြင်း ဖြစ်ပြီး အမျိုးသမီးအဖြစ် ပြောင်းလဲပြုမူ နေထိုင်သူများမှာ ထို အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးမဝင်ချေ။

## အိမ်တွင်းအကြမ်းဖက်မှုနှင့် မြန်မာနိုင်ငံလူမှုယဉ်ကျေးမှုမူဘောင်

မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများထဲတွင် အိမ်တွင်း အကြမ်းဖက်မှုဆိုသည်မှာ အိမ်ထောင်စု အတွင်းရှိ မိသားစုဝင်များအကြား ဖြစ်လေ့ရှိသည့် ဖြစ်ရိုးဖြစ်စဉ် တခုသာ ဖြစ်သည်။ ထို့ကြောင့် အိမ်တွင်းရေး ကိစ္စတခုသာ ဖြစ်ပြီး ပြင်ပလူပုဂ္ဂိုလ်များက ဝင်ရောက်စွက်ဖက်ရန်မလိုသော အကြောင်းအရာဖြစ်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်နေကြဆဲ ဖြစ်သည်။ မိသားစုများ အကြားဖြစ်ပွားနေသည့် အငြင်းပွားမှုနှင့် ရန်ဖြစ်မှုများကို မိသားစုဝင်များလဲ ပြင်ပမှ တခြားသူများကို ရင်ဖွင့်စရာ မလိုသလို ပြင်ပမှ လူများကလဲ ဝင်ရောက် ဖြန်ဖြေခြင်း မလုပ်ရဟု သွန်သင်ဆုံးမမှုသည် ယခု အတိုင်း အမြစ်တွယ်နေဆဲ ဖြစ်သည်။

ထိုအယူအဆ အစွဲသည် အိမ်တွင်း အကြမ်းဖက်ခံရသူများ အတွက် ပြင်ပ အကူအညီရယူရန် အခက်အခဲကို ဖြစ်စေသည်။ တိုင်ကြားရန် မဟုတ်ဘဲ မိမိ အဖြစ်အပျက်ကို တခြားသူသိအောင် ရင်ဖွင့်ခြင်းသည်ပင် မိသားစုကို ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည် ဆိုသည့် ယူဆသတ်မှတ်ချက်ကြောင့် အိမ်တွင်း အကြမ်းဖက် ခံရသူများသည် မိမိတို့ အဖြစ်အပျက်ကို အခြားသူများ သိ

အောင် မပြောကြားလိုကြချေ။

မိသားစုနှင့် အတူနေ အိမ်ထောင်ဖက် သို့မဟုတ် ချစ်သူများအကြား အိမ်တွင်း အကြမ်းဖက်မှုသည် သာမန် ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်သည်ဟု လူမှုပတ်ဝန်း ကျင်က လက်ခံထားခြင်းသည် အကယ်၍ အကြမ်းဖက်ခံရသူက တိုင်ကြား လာသည့် တိုင်အောင် တာဝန်ရှိသူများက အရေးတယူ ကိုင်တွယ် ဖြေရှင်းလို စိတ်ကို အားနည်းစေသည်။ ထိုအမှုကိစ္စသည် ဥပဒေအရ ကိုင်တွယ်ဖြေရှင်း လောက်စရာ လိုသော အမှုဟု လက်မခံထားသောကြောင့် အကယ်၍ အသိ ပေး တိုင်ကြားလာသည့်တိုင် အရေးတယူ လုပ်ဆောင်ပေးခြင်း မရှိကြချေ။

လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများသည် အိမ်တွင်း အကြမ်းဖက်မှုများ ရင် ဆိုင်ရပါက **နှစ်ထပ်ကွမ်း** ခံစားရပြန်သည်။ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူ များ အပေါ် အထင်သေးခြင်းနှင့် မုန်းတီးခြင်းစိတ် အခြေခံကြောင့် ကူညီမှု၊ ကိုင်တွယ်ဖြေရှင်းပေးမှုများ လုံးဝမရှိဘဲ အကြမ်းဖက်ခံသူ အပေါ်သာ အပြစ် တင် ရှုံ့ချမှုများ ဖြစ်ပွားလျက်ရှိသည်။

လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှုသည် မှားယွင်းသည် ဆိုသော ယုံကြည် လက် ခံထားမှုကြောင့် ထိုသူများတွင်သာ အပြစ်ရှိသည်။ အကြမ်းဖက်သူတွင် အပြစ် လုံးဝမရှိဆိုသော အမြင်ဖြင့် အကြမ်းဖက်ရန် အားပေး အားမြှောက်မှု များကိုပင် ပတ်ဝန်းကျင်က လုပ်ဆောင်လေ့ ရှိသည်။

လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှု အပေါ် အထင်အမြင် လွဲမှားမှုများကလည်း လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ အပေါ် ပိုမို ဆိုးဝါးသည့် သက်ရောက်မှု များကို ဖြစ်ပေါ်စေသည်။ လက်ရှိတွင် အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူ နေ ထိုင်နေသော်လည်း ငယ်စဉ်က အမျိုးသမီးကဲ့သို့ နေထိုင်ခဲ့သောကြောင့် အပြစ်ပေးခံရသော သူတဦးက သူ့အဖြစ်အပျက်ကို ယခုလို ပြောပြပါသည်။

*“ကိုယ့်ကိုကိုယ်က သိတယ်လေ။ မိန်းကလေးအဝတ်အစား ဆိုမှ ဝတ်ချင်တာ။ အဖေအမေတွေကလဲ ပထမတော့ သတိမထားမိဘူး။*

*နောက်ပိုင်း သူတို့ရိပ်မိလာတော့ ဆူတယ်။ ရိုက်တယ်။ ဆူလဲခဏဘဲ၊ လစ်ရင်လစ်သလို ပုဆိုးကို ထမိန်လို ဝတ်တာဘဲ။ နောက်ကျတော့ အဖေက ယောကျ်ားဖြစ်လာအောင် ဆိုပြီး ကျောင်းပိတ်ရက်မှာ ကို ရင် ဝတ်ခိုင်းလိုက်ရော၊ ဘုန်းကြီးကိုလဲ ဒီလိုမျိုး အကျင့်ရှိတယ်ဆို ပြီး တိုင်သေးတယ်။ ဘုန်းကြီးကို ကြောက်တော့ ငြိမ်တော့ ငြိမ်ရတာ ပေ့ါ။*[17] *လူ ထွက်တော့ မရပါဘူး။ အရင်အတိုင်းပါဘဲ"* ဟုဆိုသည်။

ဗုဒ္ဓဘာသာရေး ဆိုင်ရာ ဆိုဆုံးမချက်များတွင် လိင်တူ ဖြစ်ရခြင်းသည် အတိတ်ဘဝ၏ ကံကြမ္မာကြောင့်ဟု ပြောဆိုထားသည့် အတွက် တချို့ မိဘ များသည် ဘာသာရေး အဆုံးအမတွေနှင့် ဖြစ်စေ၊ လူမှုရေး စံသတ်မှတ်ချက် ဖိအားနှင့် ဖြစ်စေ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှုကို ပြန်လည် ပြောင်းလဲပစ် နိုင်ရန် ကြိုးစားလေ့ ရှိကြသည်။

ဘာသာရေး ခေါင်းဆောင်များကလည်း ယခုလို လိင်စိတ်တိမ်းညွတ်မှု ကွဲပြား မှု ရှိခြင်းသည် ဘာသာတရားနှင့် မကိုက်ညီကြောင်း၊ ဘုရားမနှစ်သက်သည့် လုပ်ရပ်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်း ဆုံးမလေ့ရှိသည့် အတွက် ထို ဘာသာရေး ဘုရားကျောင်းများသို့ နောက်တစ်ခါ သွားချင်စိတ် မရှိသည့် အထိ ခံစားရကြောင်း အမျိုးသားကဲ့သို့ ပြောင်းလဲ ဝတ်စားဆင်ယင်သူ တဦး က ဆိုသည်။

*"အိမ်မှာနေတော့ မိဘတွေက မိန်းမလိုမနေလို့ ဆိုပြီး အမြဲ ဆူတယ်။ စိတ်ညစ်လို့ ဘုရားကျောင်း လာတော့လဲ တရားဟောတဲ့ တရား ဟောဆရာက တရားဟောရင်း အမျိုးသားချင်း အမျိုးသမီးချင်း စုံ မက်တာ ဘုရားမကြိုက်တဲ့ လုပ်ရပ်ဆိုပြီး ထပ်ဟောပြန်တယ်။ ကိုယ့်အကြောင်း သိတဲ့သူတွေ မိသားစုဝင်တွေက ကိုယ့်ကို လှည့် လှည့်ကြည့်ပြီး ပြုံးကြတယ်။ စိတ်ထဲမှာ သိမ်ငယ်လိုက်တာမှ ထွက် ပြေးချင်တဲ့ထိ စိတ်တောင် ပေါက်တယ်။ အဲ့ဒီနောက်ပိုင်း ဘုရား ကျောင်းကို သွားကို မသွားတော့ဘူး"*

17 လူတွေ့မေးမြန်းခြင်း case 34

## သုတေသနအရ အိမ်တွင်း အကြမ်းဖက်မှု ဖြစ်ပွားရသည့် အကြောင်းရင်းများ

### လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှုကို လက်မခံသည့် မိသားစု ပတ်ဝန်းကျင်

ယခု သုတေသနစာတမ်း အတွက် မေးမြန်းခဲ့သောသူများ အားလုံးတို့သည် မိဘနှင့် ညီအကိုမောင်နှမ ဆွေမျိုးများ၊ အတူနေ ချစ်ခင်ရင်းနှီးသူများ၏ အကြမ်းဖက်မှုကို နည်းအမျိုးမျိုးဖြင့် ခံစားခဲ့ကြရကြောင်း တွေ့ရှိရသည်။ မိဘ သို့မဟုတ် ဆွေမျိုးမောင်နှမများ၏ အိမ်တွင်း အကြမ်းဖက်မှုကို ရင်ဆိုင်ခံစားရသူများအား လေ့လာကြည့်ရာတွင် အပျိုပေါက် လူပျိုပေါက် အရွယ်ကတည်းက မိမိတို့၏ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှုကြောင့် ရိုက်နှက် အပြစ်ပေးမှုများကို ရင်ဆိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

အထူးသဖြင့် မိမိတို့၏ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှုကို မိသားစု အတွင်း ထုတ်ဖော် ပြောပြလိုက်သည့်အခါ သို့မဟုတ် မိမိ၏ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှုကို မိဘဆွေမျိုးများက တနည်းနည်းဖြင့် သိရှိသွားသည့် အခါမျိုးတွင် ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်မှုများနှင့် နှုတ်ဖြင့် ဆူပူမှုများကို အများဆုံး ရင်ဆိုင်ရလေ့ ရှိသည်။ အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်သော ရိုက်နှက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေသည့် ဆူပူကြိမ်းမောင်းခြင်း၊ အိမ်ပေါ်မှ နှင်ချခြင်းနှင့် အများရှေ့တွင် အရှက်ခွဲ ပြောဆိုခြင်းများကို ကြုံတွေ့ရသည်။

> *"မိဘတွေက ငယ်ငယ်လေးကထဲက ဒီလိုဖြစ်နေတာကို လက်ခံတာ မဟုတ်ဘူးလေ။ အမျိုးမျိုးပြောင်းအောင် လုပ်ခဲ့တာဘဲ။ ဆူတာလဲ ခံရတယ်။ ရိုက်တာလဲ ခံရတယ်။ ငယ်ငယ်တုန်းကတော့ ကြောက်လို့ ပြောင်းနိုင်အောင် ကြိုးစားသေးတယ်။ တကယ်က ပြောင်းလို့မှ မရတာ။ နောက်ဆုံးတော့ ပွင့်ချလိုက်ရော။ ပထမဆုံး မိန်းမပုံဝတ်တာ မြင်တော့ အဖေက ရိုက်တာ၊ တယောက်ထဲတောင် မဟုတ်ဘူး။*

*အကိုအကြီးကိုပါ ခေါ်ပြီး လက်သီးနဲ့ ထိုးခိုင်းတယ်။"[18]*

အသက် (၃၀) နှစ် အရွယ်ရှိ ရန်ကုန်မြို့နေ အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူတဦးက ပြောပြပါသည်။ နောက်ပိုင်းတွင် မိသားစု အတွက် ဝင်ငွေ ပံ့ပိုးပေးနိုင်သည့် အတွက် အကြမ်းဖက်မှု လျော့နည်းလာသော်လည်း ကတောက်ကဆ ဖြစ်တိုင်း မိမိ၏ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှုကို အကြောင်းရှာ၍ ပြစ်တင်ပြောဆိုမှုများ ရင်ဆိုင်ရကြောင်း သူမက ဆက်လက် ပြောပြပါသည်။

အသက် (၂၀) အရွယ်ရှိ မန္တလေးတိုင်းမှ အမျိုးသမီးချင်းချစ်သူ အမျိုးသမီး တဦးက သူမသည် မိန်းကလေး ကဲ့သို့သာ ဝတ်ဆင် နေထိုင်သောကြောင့် အစပိုင်းတွင် မိသားစုက မရိပ်မိသဖြင့် ပြဿနာ မရှိကြောင်း ဆိုပါသည်။ သို့သော်သူမှ အမျိုးသမီးချင်း ချစ်သူရှိသည့် အကြောင်း မိသားစုများထံ ပေါက်ကြားသွားသည့် အခါ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ် နာအောင် ပြောဆိုမှုများ ကြုံရကြောင်း ပြောပြပါသည်။

> *"ကိုယ်က မိန်းကလေးလိုဘဲ နေထိုင်တော့ အိမ်က သိပ်မသိဘူး။ ပြဿနာလဲ မရှိခဲ့ဘူး။ နောက်ပိုင်းကျတော့ တခြား ကောင်မလေး တယောက်နဲ့ ရည်းစားဖြစ်တယ်။ သူကတော့ ယောကျ်ားလေး ပုံစံပေ့ါ။ အိမ်က သူငယ်ချင်းဆိုပြီး သိပ်မပြောဘူး။ ဒါပေမဲ့ သမီးတို့နှစ်ယောက် ချစ်နေတာကို တခြားတယောက်က အိမ်မှာ လာတိုင်သွားတယ်။ သိသိချင်း မိုးမီးလောင်သလိုဘဲ၊ ငရဲကျမဲ့သူတို့ လူဖြစ်ရှုံးမဲ့သူတွေ စိတ်ရောဂါ ဝေဒနာတို့ အစုံပါဘဲ။ သူတို့ ဆူလွန်းလို့ ချစ်သူနဲ့ ခဏ အဆက် ဖြတ်ထားတာတောင် တချိန်လုံး စောင်းမြောင်း ပြောနေတာ။ မျိုးစုံလဲ ခေါ်တယ်။ စိတ်ဆိုးရင် ပြောတာဆိုတာ အရမ်းရိုင်းတာဘဲ၊"*

18 လူတွေ့မေးမြန်းခြင်း, case 16

## လိင်စိတ်တိမ်းညွတ်မှု ကွဲပြားမှုကို အပြစ်ပေးသည့် အနေဖြင့် လုပ်ဆောင်ခြင်း

မိသားစုတွင်းမှာ မိန်းကလေး ကဲ့သို့ ကန္တဲ့ကလျ နေထိုင်ခြင်း သို့မဟုတ် ယောကျ်ားလေးကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း နေထိုင်ခြင်းကြောင့် မိဘများနှင့် အတူနေ ဆွေမျိုးများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား တွေ့ဆုံမေးမြန်းခဲ့သူ အများစုက ငယ်စဉ်ကတည်းက ရင်ဆိုင်ခဲ့ကြောင်း ပြောပြကြပါသည်။ အသက် ၁၀-၁၂ နှစ် ကတည်းက မိမိ၏ ဝတ်စားဆင်ယင်မှုနှင့် နေထိုင်ပြုမူမှုများကို ဒဏ်ပေးသည့် အနေဖြင့် ဆူပူရိုက်နှက်မှုများ ရင်ဆိုင်ခဲ့ရကြောင်း အမျိုးသမီးချင်း ချစ်သူတဦးက ယခုကဲ့သို့ ပြောပြပါသည်။

> *"ငယ်ငယ်တုန်းကတော့ သိပ်မသိဘူးပေါ့။ တခြား ယောကျ်ားလေး သူငယ်ချင်းတွေနဲ့ အတူတူ ကစား နေကျဘဲ။ ၁၁ နှစ် ၁၂ နှစ် လောက်ကျတော့ အမေက ပေးမကစားတော့ဘူး။ မိန်းကလေးတွေနဲ့ ကစားရမယ်တဲ့။ ကျနော်က သူတို့လိုမျိုး မှ မကစားချင်တာ။ အဲဒါ ယောကျ်ားလေးတွေနဲ့ ပေါင်းရင် အမေက ရိုက်တယ်။ အိမ်မှာရှိတဲ့ အမတွေလဲ အမေ့ကို သွားသွား တိုင်တယ်။ တရက်ဆို သူပြောတာ နားမထောင်လို့ ဆိုပြီး အခန်းထဲထည့်ပြီး ထမင်းမကျွေးဘူး။ မိန်းမလို နေပါ့မယ်ဆိုမှ အခန်းတံခါး ဖွင့်ပေးတယ်။ ကျနော်ကို စိတ်ဆိုးလာ ပြီဆိုရင် ကျန်တဲ့ အကိုတွေ အမတွေက ယောကျ်ားလျာမ ဘောပြားမလို့ အမြဲခေါ်တယ်။"*[19]

ကျန်သူများကလည်း အသက်အရွယ် ငယ်စဉ်ကတည်းက ယောကျ်ားလေး ပီပီသသ သို့မဟုတ် မိန်းကလေး ပီပီသသ မဖြစ်သော နေထိုင်ပြုမူမှု ပုံစံများကြောင့် မိဘများကသာမက အတူနေ ဆွေမျိုးများနှင့် ညီအကို မောင်နှမများက အကြမ်းဖက် ရိုက်နှက်မှုများနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် ပြောဆိုမှုများ ကြုံခဲ့ရကြောင်း ဆိုကြပါသည်။

19 လူတွေ့မေးမြန်းခြင်း, case 3

အမျိုးသမီးကဲ့သို့ ပြောင်းလဲနေထိုင်ပြုမူသူ ဖြစ်သော မန္တလေးမြို့နေသူ တဦးက အတွေ့အကြုံကို အခုလို ပြောပြပါသည်။

*"ညီမက အဖေအမေတွေက အေးအေးဆေးဆေးဘဲ။ အမြဲတမ်း အရှက်ခွဲပြီး နှိပ်စက်လေ့ရှိတာက အကို နှစ်ယောက်ပါ။ ညီအကို သုံးယောက်ထဲမှာ အငယ်ဆုံးက နွဲ့နေတော့ ငယ်ငယ်လေးကထဲက အနိုင်ကျင့်နေတာ။ ပုဆိုးကို ထမိန်လိုဝတ်ထားရင် အတင်းဆွဲချွတ်တာ၊ ကိုယ်တုံးလုံးထားပြီး ယောကျ်ားလို့ အော်ခိုင်းတာ ခဏခဏ ပါဘဲ။ ကိုယ်က လူပျိုပေါက် ဆိုတော့ ရှက်တတ်ပြီလေ။ ပိုဆိုးတာက သူတို့ သူငယ်ချင်းတွေ ယောကျ်ားလေးတွေ ရှေ့မှာ လုပ်ခိုင်းတာဘဲ။ ကိုယ့်ကိုကိုယ် မိန်းကလေးဆို စိတ်ကူးယဉ်နေတာ ဆိုတော့ အရမ်း ရှက် မိတယ်။ သူတို့တွေအိမ်မှာ ရှိနေရင် အပြင်ကို မထွက်တော့ဘူး၊ တခါ ဘယ်သူမှ မရှိဘူးထင်ပြီး မိတ်ကပ်တွေလိမ်းပြီး မှန်ရှေ့မှာ က နေတုန်း အကိုငယ်က တွေ့သွားပြီး ချက်ချင်း နရင်းအုပ်လိုက်တာ လဲကိုကျရော။ အကိုကြီးကိုလဲ ပြန်တိုင်တယ်။ နောက်တခါ မိန်းမ လို ဝတ်တာတွေ့ရင် သတ်ပစ်မယ်တဲ့။ အဲ့ကတည်းက သူတို့နဲ့ မျက်နှာချင်းကို မဆိုင်တာ။ အခု သူငယ်ချင်းတွေနဲ့ နေမှ စိတ်ချမ်းသာ တော့တယ်။"* ဟု ဆိုပါသည်။

## အတူနေချစ်သူများ အကြား ထိမ်းချုပ်လိုစိတ် ကြီးမားခြင်း

အတူနေ ချစ်သူများ အကြား အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားရသည့် အကြောင်းရင်းများစွာ ရှိသည့်အနက် အကြောင်းရင်း တခုမှာ အတူနေ ချစ်သူကို စိတ်မချသောကြောင့် ထိမ်းချုပ်လိုစိတ် ကြီးရာမှ အကြမ်းဖက်မှုကို ကျူးလွန်မိခြင်းဟု တွေ့ဆုံမေးမြန်းသူများ ထဲမှာ အတူနေချစ်သူများက ပြောကြားကြသည်။ မိမိ၏ အတူနေချစ်သူကို စိတ်မချခြင်းနှင့် သဝန်တိုခြင်းတို့ကြောင့် ထိမ်းချုပ်မိခြင်းများနှင့် ကန့်သတ်ခြင်းများကို လုပ်ဆောင်လာမိကြောင်း ဆိုသည်။ ထိုစိတ်များ ကြီးမားလာသည့် အခါနှင့် အခြား စီးပွားရေး လူမှုရေး အဆင်မပြေမှုများ ပေါင်းစပ်မိလာသောအခါ တခါတရံ ကိုယ်ထိလက်ရောက် ရိုက်ပုတ်ပြီး ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အတွက် ကျူး

လွန်မိကြောင်း အမျိုးသားကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်ပြီး ချစ်သူအမျိုးသမီး နှင့် နေထိုင်သူတဦးက ပြောပါသည်။

> *"အရမ်းချစ်တယ်လေ။ အဲဒီတော့ စိတ်မချဘူး။ သူ့ကို မခွဲချင်ဘူး။ ဒါကိုစိတ်ပူပြီး ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ တားမိတာတွေ ရှိတာပေ့ါ။ သူ့ကို စိတ်ညစ်စေချင်တာတော့ မဟုတ်ဘူး။ အမှန်တော့ ကိုယ်က အချစ်ကြီးမိတယ်။ သူကလဲ တခါတလေ ဆန့်ကျင်တယ်လေ။ အခုနောက်ပိုင်း စီးပွားရေးက အဆင်မပြေတော့ စိတ်ညစ်တာတွေနဲ့ ရောသွားတာ စိတ်ကို မထိမ်းနိုင်ဘဲ လက်ပါ ပါသွားတယ်။ ရိုက်ပြီးတော့မှ သနားသွားပြီး ပြန်တောင်းပန်ရတာပါ။ စိတ်က မြန်တော့ လက်လွန်လွန် သွားတတ်တယ်။ စိတ်ငြိမ်သွားတော့မှ ကိုယ်မှားမှန်း သိလာတာ။"*[20]

## ကိုဗစ်ကာလ စိတ်ဖိစီးမှုများ

၂၀၂၀ပြည့်နှစ်မတ်လမှစ၍တကမ္ဘာလုံးကိုခြိမ်းခြောက်နေသောကိုဗစ်ရောဂါ သည် ကျန်းမာရေး ပြဿနာသက်သက်သာ မဟုတ်တော့ဘဲ လူမှုဘဝနေထိုင် မှုပုံစံသစ်တခုကိုဖန်တီးပေးခဲ့သည်။ရောဂါကပ်ဘေးကြောင့်ကမ္ဘာနှင့်အဝှမ်း တွင် သေကြေပျက်စီးမှုနှုန်းများ မြင့်မားနေလျက် ရှိသလို စီးပွားရေး နှင့် လူမှု ရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ ကြရသည်။ တစ်ချိန်ထဲမှာပင် ရောဂါကာကွယ်တားဆီးရေး ဆိုသည့် အကြောင်းပြချက်ဖြင့် ကန့်သတ်မှုများကို အစိုးရများက လုပ်ဆောင်လာခဲ့သည်။ လူစုလူဝေးစုဝေးမှုကို ကန့်သတ်ခြင်း နှင့် အပြင်ထွက် သွားလာမှုကို ကန့်သတ်ခြင်းများ လုပ်ဆောင်လာခဲ့ရာ ပြည်သူလူထုများသည် ထိုလုပ်ဆောင်ချက်များ၏ နောက်ဆက်တွဲ လူမှုပြဿနာ များကို ဆက်လက် ရင်ဆိုင်လာရတော့သည်။ ပုံမှန်ဝင်ငွေရ လုပ်ဆောင်သော စီးပွားရေးလုပ်ငန်းများလဲ ကမောက်ကမ ဖြစ်ခဲ့ရသည်။ တဦးချင်း ဝင်ငွေနှင့် မိသားစုဝင်ငွေများကို ထိခိုက်လာခဲ့ရသည်။ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုကို ဆိုးဆိုးဝါးဝါး ရင်ဆိုင်ကြရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါ စတင် ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ်လ (၂၃) ရက်မှ ဇွန်လ (၂) ရက် အထိ သုံးလတာ

20 လူတွေ့မေးမြန်းခြင်း, case 31

ကာလအတွင်း သေကြောင်းကြံစည်သူ လူပေါင်း (၄၇) ဦး ရှိခဲ့သည်။[21]

ကိုဗစ်ရောဂါကြောင့် စီးပွားရေး အခက်အခဲကြုံတွေ့ရသူ အများစုမှာ သာမန်လက်လုပ်လက်စား မိသားစုများ ဖြစ်ကြောင်း အစီရင်ခံစာများ အရ သိရှိရသည်။ မြန်မာနိုင်ငံအစိုးရ အနေဖြင့် ကိုဗစ်ကပ်ဘေးအတွင်း အခြေခံဝင်ငွေ မိသားစုများကို ထောက်ပံ့မှုများ လုပ်ဆောင်ပေးခဲ့သော်လည်း ကာလကြာလာသည်နှင့် လုံလောက်မှု မရှိပါ။

မြန်မာနိုင်ငံရှိ အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူများသည် မြန်မာလူမှုပတ်ဝန်းကျင်က အစဉ်အလာအရ လက်ခံထားသည့် မိတ်ကပ်ဆံပင် အလှပြင်လုပ်ငန်း၊ နတ်ကတော်လုပ်ငန်းများကို အများဆုံး လုပ်ကိုင်နေသူများ ဖြစ်သည်။ ပတ်ဝန်းကျင်က အစဉ်အလာအရ လက်ခံထားသည့် ထိုလုပ်ငန်းများကို အဓိကအားဖြင့် လုပ်ကိုင်အသက်မွေးလေ့ ရှိကြသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါပိုးကို စတင်တွေ့ရှိခဲ့ပြီး အစိုးရက ကာကွယ်နိုင်ရန်အတွက် သဘာဝရောဂါတိုက်ဖျက်ရေး ဒေသန္တရ အမိန့်များအား စတင် ထုတ်ပြန်ချိန်သည် ၂၀၂၀ မတ်လမှ စတင်ခဲ့သည်။ ထိုအချိန်သည် အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူများ အများဆုံး သက်မွေးဝမ်းကျောင်း ပြုလေ့ရှိသည့် အလှပြင် မိတ်ကပ်နှင့် နတ်ပွဲများဖြင့် စည်ကားချိန် ဖြစ်သည်။ ထိုရာသီချိန်များ အတွင်း စီးပွားရှာပြီး တနှစ်စာအတွင်း စုဆောင်း အသက်ရှင်ရသောသူများ အဖို့ ကိုဗစ်ကြောင့် လူစုလူဝေး ကန့်သတ်လိုက်ခြင်း၊ ပွဲတော်များကို ကျင်းပခွင့်မပြုတော့ခြင်း တို့ကြောင့် ဝင်ငွေအတွက် အခက်အခဲကြီး မားစွာ ကြုံရတော့သည်။

အသက် ၃၇ နှစ်အရွယ်ရှိ အမျိုးသမီးကဲ့သို့ပြောင်းလဲပြုမူနေထိုင်သော နတ်ကတော် တဦးက

> *"နတ်ကတော် လုပ်ပြီး နတ်မကရတော့ ဘယ်နတ်က လာစောင့်ရှောက်တော့မှာလဲ၊ ကိုဗစ်ကြောင့် ပွဲတော်တွေလဲ မလုပ်ရဘူး။ လူ*

---

21 COVID-19 and Myanmar, ISP-Myanmar Special Series, 4th Issue. 8 July, 2020

*တွေလဲ စုလို့မရဘူး။ နတ်ကတော်ဆိုတာ အခုလို နတ်ပွဲရာသီမှာ နတ်ဒိုးတွေနဲ့ နတ်ဝင်ပြီး ဝင်ငွေရှာရတာ၊ ကျန်တဲ့အချိန်က နတ်မေးတာလေး ကြိုကြားကြိုကြားလောက်ဘဲ ရှိတယ်။ ဝမ်းစိုတာ မဟုတ်ဘူး။ တနှစ်လုံးစာကို ဒီလိုအချိန်မှာ ရှာဖွေစုဆောင်းရတာ။ အခုဆို ခြောက်လကျော်ပြီ။ ဝင်ငွေမရှိဘဲ ထွက်ငွေသက်သက်ဘဲ။ တခြားစီးပွားရေးလဲ မလုပ်တတ်တော့ အိမ်မှာထားတဲ့ နတ်ရုပ်အောက်မှာ ငုတ်တုတ်ဘဲ ထိုင်နေရတာ။ စုထားဆောင်းထားတာ အကုန် ထုတ်ရောင်းနေရပြီ"*[22] ဟု အခက်အခဲကို ပြောပြပါသည်။

မိတ်ကပ်ပညာရှင်အဖြစ် အသက်မွေးသော ရန်ကုန်မြို့နေ အသက် ၂၃ နှစ်အရွယ်ရှိ အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သောသူက ကိုဗစ်ရောဂါဘေး ကာလအတွင်း စီးပွားရေးအခက်အခဲ ကြုံလာပုံကို ယခုလို ပြောပြပါသည်။

*"တော်တော်ကို ဒုက္ခရောက်တဲ့ ကာလပါ။ ဘယ်သူကမှ ဘယ်သူ့ကို မကယ်နိုင်တဲ့ အဖြစ်ဆိုးဘဲ။ မိတ်ကပ်ဆံပင်သမားတိုင်း ထိုင်ငိုရတဲ့ အခြေအနေဘဲ။ အရင်က ဒီလိုအချိန်ဆို တယောက်ထဲ လက်မလည်လို့ အကူတပည့်တွေတောင် ခေါ်ထားရတာ။ ဆိုင်မှာရော အိမ်ခေါ်ပြင်တာရော အလှူအတန်း မင်္ဂလာဆောင် ရှင်ပြု အကုန်များတယ်လေ။ အခုတော့ ကိုဗစ်နှိပ်စက်တော့ ပွဲတွေလဲ မလိုက်ရဘူး။ ဆံပင်ဆိုင်က ကူးတာများတယ် ဆိုပြီး ဆိုင်မှာ ခေါင်းညှပ်တာ လျှော်တာတောင် မရှိတော့ဘူး။ ကိုယ်တယောက်ထဲမကဘူး အကူတပည့်တွေလဲ ဒုက္ခရောက်တာပေါ့။ ငွေမဝင်တော့ လင်ကိုလဲ မအမ်းနိုင်တော့ လင်က စိတ်မချိဘူး။ ပြဿနာရှာတယ်။ တော်သေးတယ် ကိုယ့်လင်က ရိုက်တာနှက်တာ မလုပ်လို့။ အဆင်တော့ ဘယ်ပြေပါ့မလဲနော်။"*

အစိုးရအာဏာပိုင်များက ကိုဗစ်ရောဂါကြောင့် တချို့နေရာများတွင် ညမထွက်ရအမိန့်ကို ထုတ်ပြန်မှုများ လုပ်ဆောင်ခဲ့သည်။ ထိုအမိန့်ချိုးဖောက်သူ

22 လူတွေ့မေးမြန်းခြင်း case 22

များကို အရေးယူခဲ့သည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလဆန်းပိုင်း တရက်ထဲမှာပင် ရန်ကုန်တိုင်းအတွင်း ထုတ်ပြန်ထားသော ညမထွက်ရအမိန့်ကို ချိုးဖောက်သူများ ရာနှင့်ချီ၍ ဖမ်းဆီးခံခဲ့ရသည်။[23]

ထိုညမထွက်ရအမိန့်ကြောင့် ညဖက်ထွက် အလုပ်လုပ်ရသောသူများမှာ ကြီးမားစွာ အခက်အခဲ ဖြစ်ရသည်။ ထိုသူများထဲတွင် လိင်လုပ်ငန်းနှင့် အသက်မွေးကြရသည့် အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူများလဲ ပါဝင်သည်။ ထိုသူအများစုမှာ မိသားစုနှင့် အဆင်မပြေ၍ မိတ်ဆွေသူငယ်ချင်းများ စုနေထိုင်ပြီး ရရာအလုပ်ဖြင့် အသက်မွေးနေကြသောသူများ ဖြစ်သည်။

*"နဂိုထဲက တခြားဘာမှမလုပ်တတ်လို့ ဒီအလုပ်ကိုလုပ်ရတာ။ အရင်ထဲက ရဲတွေက မှောင်ရိပ်ခိုမှုလို ပုဒ်မတွေ ပြည့်တန်ဆာဥပဒေတွေနဲ့ ခဏခဏ ဖမ်းတာခံရတယ်။ အခုကျတော့ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအမိန့်ဆိုလာ ဘာလားတော့ မသိဘူး။ ပိုဖမ်းလာတယ် ဖမ်းတဲ့အထဲမှာ ရဲတွေရော ဆယ်အိမ်မှူးတွေရော ပါတော့ အရင်လို ငွေပေးပြီး လစ်ထွက်လို့လဲ မရဘူး။ ကိုယ့်ကို ဘာလုပ်စားလဲဆိုတာ လူပိုသိကုန်ရော။ အပွင့်မတွေဖမ်းမိရင် သတင်းသမားတွေက ပိုပြီး အာရုံစိုက်တယ်လေ။ ဖမ်းခံရတဲ့သူချင်းအတူတူ အပွင့်မတွေပုံက နောက်တနေ့ ဖေ့ဘွတ်မှာ ပြူးပြဲနေတာဘဲ။ စားစရာမရှိလို့ ညထွက်အလုပ်လုပ်ပါတယ်ဆိုမှ အခုအချိန်အဖမ်းထိရင် ပိုအရှက်ကွဲရောဘဲ။"[24]*

စီးပွားရေးအဆင်မပြေမှုနှင့် အိမ်တွင်းတွင်သာ နေထိုင်ရန် အမိန့်ထုတ်ပြန်မှုများကြောင့် လူအများမှ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများကို ရင်ဆိုင်လာကြရသည်။ ကိုဗစ်ကာလ နေထိုင်မှုပုံစံသစ်ဖြင့် အသားမကျမှုနှင့် စိတ်ဖိစီးမှု၏ နောက်ဆက်တွဲ အနေဖြင့် အိမ်တွင်းအကြမ်းဖက်မှု နှုန်းမှာ ကိုဗစ်ကာလအတွင်း အထူး မြင့်မားလာခဲ့သည်။

---

23 https://www.healthproducts.com.mm/wuhan-virus/item/3232-more-than-600-curfew-violators-prosecuted-in-rangoon.html

24 လူတွေ့မေးမြန်းခြင်း, case 50

ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ပြန့်ပွားမှုဟန့်တားနိုင်ရေး အတွက် အိမ်တွင်းမှာ သာ နေထိုင်ကြရသော ကာလအတွင်း မိသားစု စားဝတ်နေရေး ကျပ်တည်းမှု များ၊ စီးပွားရေး အဆင်မပြေမှုများ ရှိနေကြပြီး ထိုအဆင်မပြေမှုများ၏ စိတ် ထွက်ပေါက်အဖြစ် မိသားစုအတွင်း အိမ်တွင်းအကြမ်းဖက်မှု ပိုမို ဖြစ်ပေါ်လာ သည်ဟု ရန်ကုန်အခြေစိုက် အခရာအမျိုးသမီးအဖွဲ့ တည်ထောင်သူ ဒေါ်ထား ထားက ဆိုပါသည်။

> "*အစ်မတို့ကို တိုင်တန်းလာတဲ့ အမှုတွေဟာ ၂ ဆမက ၃ ဆမက တက်သွားတယ်။ အမျိုးသမီးတွေ တော်တော်လေး ခံရတယ်။ တကယ်တမ်းတော့ အိမ်တွင်းအကြမ်းဖက်မှုက နဂိုကတည်းက ရှိ တာ။ လှိုက်စားနေတဲ့ ရောဂါဆိုးကြီး တစ်ခုဖြစ်တယ်။ ကိုဗစ်ဖြစ်ခါမှ အရမ်း သိသာသွားတာ။ ပိုတက်သွားတဲ့အတွက် ပိုသိသာသွား တာ။*"[25]

ကိုဗစ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုသည် သိသိသာသာ တိုးမြင့် လာပြီး ၂၀၂၀ ပြည့်နှစ် မေလတလ အတွင်းမှာ လာရောက် တိုင်ကြားသည့်အမှု (၄၅) မှု အထိ ရှိခဲ့ကြောင်း ဥပဒေရေးရာ ကုစားရေးအဖွဲ့ မြန်မာ (Legal Clinic Myanmar) ၏ ဒါရိုက်တာ ဒေါ်လှလှရီက ဆိုပါသည်။ မြန်မာနိုင်ငံမှာ ကိုဗစ် ရောဂါ မဖြစ်ပွားခင် ဖေဖော်ဝါရီလက ရရှိခဲ့သော အိမ်တွင်းအကြမ်းဖက်မှု စာရင်းတွေနှင့် နှိုင်းယှဉ်လျှင် ၄၀ ရာခိုင်နှုန်း နီးပါး မြင့်တက်လာကြောင်း သူမက ဆိုသည်။[26]

ကိုဗစ်ကာလအတွင်း မြန်မာနိုင်ငံ အတွင်းရှိ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူ လူငယ်များအကြား အလုပ်အကိုင်မဲ့သည့်နှုန်းမှာ တိုးမြင့်လာကြောင်း သုတေ သန တခုက ဆိုပါသည်။ လူငယ်များ အလုပ်အကိုင်မဲ့သွားရသည့် အကြောင်း များတွင် ကိုဗစ်ရောဂါ ကပ်ဘေးအတွင်း အလုပ်များကို လျော့ချလိုက်ခြင်း၊

25 https://www.rfa.org/burmese/news/domestic-violence-07032020055410.html
26 COVID-19 ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု ၄၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာ The Irrawaddy - Burmese Edition, June 10, ၂၀၂၀

အလုပ်အကိုင်များ ရပ်ဆိုင်းလိုက်ခြင်း၊ အစိုးရ၏ ရောဂါကာကွယ် တားဆီး ရေးဆိုင်ရာ အမိန့်များကြောင့် အဆင်မပြေသဖြင့် အလုပ်မှ ထွက်လိုက်ရခြင်း တို့ ဖြစ်ကြောင်း စစ်တမ်းတခုက ဆိုပါသည်။[27]

ကိုဗစ်ရောဂါကာလ အတွင်း အိမ်တွင်းအကြမ်းဖက်မှုများသည် သာမန် မိသားစုများ အတွင်း ဖြစ်ပွားသလို လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများ နေထိုင်ရာ မိသားစုများ အကြားနှင့် အတူနေ အဖော်များအကြား မှာလည်း အထက်ပါ အကြောင်းအရာများကြောင့် တိုးမြှင့်လာကြောင်း သိရှိရပါသည်။

လိင်စိတ်တိမ်းညွှတ်မှုကွဲပြားသူများအား စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများ ပေး နေသော အဖွဲ့မှ အဖွဲ့ဝင် တဦးက အောက်ပါအတိုင်း ဆိုပါသည်။

> *“အရင်တုံးက သူတို့ (လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများ) ဟာ လာ လာရင်ဖွင့်ကြတာ တလမှ နှစ်ယောက် သုံးယောက်လောက်ဘဲ ရှိ တယ်။ အများဆုံး အကြောင်းအရာကလဲ ကျန်းမာရေး ကိစ္စများ တယ်။ သွေးစစ်ချင်တာမျိုး၊ ဆေးထုတ်ချင်တဲ့အကြောင်းတွေ များ တယ်။ အခု နောက်ပိုင်းမှာတော့ အိမ်က အမြဲဆူပူနေလို့ ဆိုတာတွေ များလာတယ်။ တချို့ကျတော့ အတူနေတဲ့ ချစ်သူတွေကြားမှာ စကားပြော အဆင်မပြေတာတွေ၊ ရန်ခဏခဏ ဖြစ်တာတွေ တခါ တလေ ရိုက်နှက်ခံရလို့ တိုင်တာတွေ များလာတယ်။ ကိုယ့်ဆီကို တိုက်ရိုက်မဆက်သည့် တိုင်အောင် သူတို့အချင်းချင်းကြားမှာ အိမ် တွင်းရေး အဆင်မပြေတဲ့ အကြောင်းတွေကို ရင်ဖွင့်တာများလာ တယ်။”*[28]

ယခင်က စီးပွားရေးအဆင်ပြေချိန်တွင် မိသားစုဝင်များ သို့မဟုတ် အတူနေ ချစ်သူများနှင့် ဆက်ဆံရေး အဆင်ပြေသော်လည်း ကိုဗစ်ကာလ စီးပွားရေး

---

27 The Online Survey Data of LGBT + Unemployment Under COVID 19 Outbreak in Myanmar. Rainbow Alliance – LGBT Youth Empowerment Program. May, 2020

28 လူတွေ့မေးမြန်းခြင်း, case 59

အဆင်မပြေ ဖြစ်လာသည့်အခါ ဆက်ဆံမှုများ ပြောင်းသွားကြောင်း အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ တဦးက ပြောပြပါသည်။

> *"အရင်တုန်းက ကိုယ်က အလှပြင်ဆိုင်လဲ ဖွင့်တယ်။ လိုက်လဲပြင်တယ်။ အဲဒီတုန်းက အိမ်အတွက်ရော ယောကျ်ားအတွက် မုန့်ဘိုးကောင်းကောင်း ပေးနိုင်တော့ အဆင်ပြေတယ်။ အရင် စီးပွားရေးအခြေအနေကောင်းလို့ အိမ်ကို ထောက်ပံ့နိုင်တုန်းက ပြဿနာမရှိပေမယ့် အခုလို စီးပွားရေးမကောင်းတဲ့အခါ အကိုအမတွေက ငြူစူ လာကြပါတယ်။ ရန်လိုလာကြပါတယ်။ ထမင်းစားရင် ဟင်းမကောင်းတာ ကိုယ့်အသုံးမကျသလို ပြောလာတယ်။ အရင်က ကိုယ်ရှာကျွေးတာ သုံးဖြုန်းနေတဲ့ အကိုက ဟိုတနေ့က ပြဿနာရှာပြီး ရိုက်မောင်းပုတ်မောင်း အထိ လုပ်လာတယ်။ အရင်လိုငွေမရှာ လို့တဲ့။"*[29]

အတူနေချစ်သူများအတွင်းမှာလဲ စိတ်ဖိစီးမှုကြောင့် အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်ပွားလာကြောင်း အတူနေ အမျိုးသမီးချင်း ချစ်သူတဦးက ပြောပြပါသည်။ ထိုအမျိုးသမီးသည် သူ၏ချစ်သူ အမျိုးသားကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူတဦးနှင့် အတူနေထိုင်နေသည်မှာ လေးနှစ်နီးပါးရှိပြီး ဖြစ်သည်။ မိဘများက သဘောမတူသည့် ကြားမှ အတူ နေထိုင်ခဲ့ရာတွင် ကတောက်ကဆပင် မဖြစ်ဘူးခဲ့ကြောင်း သူမက ဆိုပါသည်။ ကိုဗစ်ကာလအတွင်း စက်ရုံ အထည်ချုပ်လုပ်ငန်းများ ရပ်နားရသည့် နောက်ပိုင်းတွင် ဝင်ငွေ မရှိတော့သည့် အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ ထိုနောက်ပိုင်းတွင် အိမ်အသုံးစားရိတ်နှင့် ပတ်သက်ပြီး စကားပြော အဆင်မပြေ ဖြစ်ရကြောင်းနှင့် နောက်ပိုင်းတွင် ရိုက်နှက်မှုများ အထိ ကျူးလွန်လာကြောင်း သူမက ပြောဆိုပါသည်။

> *"အရင်တုန်းက အရမ်း ပျော်ဖို့ကောင်းတယ်။ ကိုဗစ် ဖြစ်လာတော့ အထည်ချုပ်အလုပ်တွေက နားလိုက်တယ်လေ။ အတူတူ ငှားထားတဲ့ အဆောင်ခန်းမှာ ခြိုးခြံပြီး နေကြတာပေါ့။ တဖြည်းဖြည်းနဲ့*

29 လူတွေ့မေးမြန်းခြင်း, case 58

*ဝင်ငွေကလဲ မရှိ၊ အလုပ်က ဘယ်တော့မှ ပြန်ရမှန်းမသိတော့တဲ့ အဖြစ်မှာ စိတ်ညစ်စရာတွေက အများကြီးဘဲ။ သူက မိဘတွေ အိမ်ကို ပြန်ခိုင်းတယ်။ ကျမက သူ့ကြောင့် အိမ်က ဆင်းလာတာလေ။ အခု ပြန်သွားရင် ဘယ်လောက်တောင် ပြောကြမလဲ။ ကြိုးစားပြီး အဆင်ပြေအောင် နေတယ်။ သူစိတ်ညစ်တာကိုလဲ နားလည်ပါတယ်။ ဒါပေမဲ့ သူက စိတ်ကြီးတော့ လက်ခဏခဏ ပါလာတယ်။ သူစိတ်ဆိုးရင် တကိုယ်လုံးကို ရိုက်တာ။ ဆဲတာလဲ အမျိုးမျိုးဘဲ။ စိတ်ပြေသွားတော့လဲ ငိုပြီး ပြန်ချော့တယ်။ ကျမကတော့ အတူနေရတာ အရမ်းစိတ်ညစ်လာပြီ”*[30]

## လိင်စိတ်တိမ်းညွတ်မှုကွဲပြားသူများ ရင်ဆိုင်ရသည့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ပြဿနာများ

အိမ်တွင်းအကြမ်းဖက်မှုကြောင့် အများဆုံး ကြုံတွေ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုများမှာ နှိပ်စက်ညှင်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်စွာ ပြုကျင့်မှုတို့ဖြစ်သည်။ အိမ်ဆိုသည့် ပတ်ဝန်းကျင် အတွင်းတွင် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများအား အတူနေသူများ သို့မဟုတ် မိသားစု ဆွေမျိုးများက ကျူးလွန်မှုများကြောင့် ထိုအဖြစ်အပျက်များကို ရင်ဆိုင်ခံစားရခြင်းဖြစ်သည်။ ထိုမျှမက အိမ်တွင်းအကြမ်းဖက်မှုသည် ပုဂ္ဂလိကဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံရေးတို့ကိုလည်း ထိပါး နှောက်ယှက်ပါသည်၊ အကြမ်းဖက်ခံခြင်းနှင့်အတူ ပါလာတတ်သည့် ချုပ်ချယ်မှု၊ လွှမ်းမိုးမှု၊ အနိုင်ကျင့်ဆက်ဆံမှုတို့ကြောင့် ကျူးလွန်ခံရသူ၏ ပုဂ္ဂလိကဆိုင်ရာ လုံခြုံမှုနှင့် ပုဂ္ဂလိကဆိုင်ရာ လွတ်လပ်မှုများကိုပါ သက်ရောက် လာစေနိုင်သည်။

## စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဖိစီးမှုများ

“မိသားစုဆိုသည်မှာ မေတ္တာတရားဖုံးလွှမ်းပြီး လုံခြုံမှုကို ဖန်တီးပေးသော နေရာ” ဟု မြန်မာဆိုရိုးစကား ရှိသော်လည်း မိသားစု၏ လက်ခံ အသိအမှတ်ပြုခြင်းကိုမခံစားရဘဲ အကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ရင်ဆိုင်ခံစားနေရသော

30 လူတွေ့မေးမြန်းခြင်း, case 61

လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများအတွက် ထိုစကားမှာ အလှမ်းကွာဝေး လှသည်။ မိဘများနှင့် ညီအကိုမောင်နှမများ၏ အထင်သေးမှု၊ ခွဲခြားဆက်ဆံမှု ထိုမှတဆင့် အိမ်တွင်းအကြမ်းဖက်မှု အထိ ကျူးလွန်ခံနေသော လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများ အတွက် အမြဲတမ်း လုံခြုံသည်ဟု မခံစားရဘဲ ကြောက်ရွံ့စိတ်နှင့်သာ နေထိုင်နေရသည်။ မိမိ၏ လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားမှုအမှန်ကို မိသားစုက မသိရှိအောင် ဖုန်းကွယ်ထားရသော သူများတွင် မိမိလိင်စိတ်ကို မိသားစုက သိရှိသွားမည်ကို စိုးရိမ်ရသလို သိရှိသွားခဲ့ပါက လည်း အကြမ်းဖက်ခံရမည်ကို ကြောက်ရွံ့စိတ်က အမြဲကြီးစိုးနေသည်။

အသက် (၂၀) အရွယ်ရှိ လိင်တူလိင်ကွဲနှစ်မျိုးလုံး ချစ်ခင်စုံမက်သည့် အမျိုးသမီးကို မိသားစုက သာမန်အမျိုးသမီးအဖြစ်သာ သိရှိထားသည်။ အမျိုးသား ချစ်သူရှိခြင်းကို မိသားစုကနားလည်သည်။ သို့သော် ထိုအမျိုးသမီးတွင် အမျိုးသားချစ်သူ သာမက အမျိုးသမီးချစ်သူလည်း ရှိနေသည်ကို မိသားစုက မရိပ်မိကြပါ။ ထိုအမျိုးသမီးက သူမ၏ စိတ်ခံစားချက်ကို ယခုလို ပြောပြပါသည်။

> *"အိမ်က ယောကျ်ားလေး ရည်းစားထားတာကို အိုကေတယ်။ ဘာမှ သိပ်မပြောဘူး။ ထိမ်းသိမ်းဖို့နဲ့ ပညာရေး မလစ်ဟင်းဖို့ဘဲ သတိပေးတယ်။ ဒါပေမဲ့ ကျမက အမျိုးသမီးချစ်တဲ့ မိန်းကလေး အဖော်လဲ ရှိနေတယ်။ သူ့ကိုတော့ မိန်းကလေး သူငယ်ချင်းလို့ဘဲ မိဘတွေက ထင်ထားတာ။ သူတို့ မသိကြဘူး။ ကျမရဲ့ အမကတော့ နည်းနည်း သံသယရှိတော့ နင်တို့နှစ်ယောက်က ဘာတွေလဲလို့ မေးဘူးတယ်။ တကယ်လို့သာ မိဘတွေက သိသွားရင် သဘောတူမှာ မဟုတ်ဘူး။ ဒီကိစ္စမျိုးကို သူတို့က ဘယ်လိုမှ လက်ခံမှာ မဟုတ်ဘူး။ အဖေက တခုခုဖြစ်လို့ စိတ်ဆိုးရင် မြင်တာဆွဲပြီး ရိုက်တာ။ သိသွားရင်တော့ သေချာတာ အရိုက်ခံရမှာဘဲ။ ဘယ်အချိန်များ သိသွားမလဲ။ ဘယ်သူကများ သွားပြောလိုက်မလဲ ဆိုပြီး စိတ်ပူရတာ မလွယ်ပါဘူး။"*[31]

---

31 လူတွေ့မေးမြန်းခြင်း, case 57

## မိသားစုနှင့် သီးခြားစီ ဖြစ်လာခြင်း

မိမိ၏ လိင်စိတ်တိမ်းညွတ်မှုကွဲပြားမှုကို မိသားစုဝင်များက သိရှိသွားမည်ကို စိုးရိမ်ခြင်းနှင့် သိရှိသွားသည့်နောက် နှိမ်ချမှုများနှင့် အကြမ်းဖက်မှုများကို ကြောက်လန့်သောကြောင့် တွေ့ဆုံမေးမြန်းခဲ့သော သူများသည် မိသားစုထဲတွင် သီးသန့် နေထိုင်လေ့ရှိကြောင်း တွေ့ရှိရသည်။

> *"တတ်နိုင်သရွေ့ ကင်းကင်းနေတယ်။ တွေ့နေရင် တခုခု ပြောခံရမှာ ရိုက်ခံရမှာ စိုးရိမ်တယ်လေ။ သူတို့က ဒီလို ဖြစ်နေတာကို ကြိုက်မှ မကြိုက်တာ။ ထမင်းစားတာတို့ တီဗီကြည့်တာတို့ဆို မိသားစုတွေနဲ့ အတူတူ မလုပ်တော့ဘူး။ စကားစမိလို့ ပြောရင်း ကိုယ့်အကြောင်း ဖက် လှည့်လာမှာ။ ထမင်းစားရင် သူတို့ ပြီးသွားမှ သပ်သပ်စား ဖြစ်တယ်။ အခန်းထဲမှာဘဲ အတတ်နိုင်ဆုံး နေတယ်။ သီးသန့်နေလို့ မရရင် ခင်မင်တဲ့ ကိုယ်လိုလူမျိုးတွေဆီ သွားပြီး စကားပြောတယ်။ အပြင်မှာ တတ်နိုင်သ၍နေတယ်။ မိသားစုက သပ်သပ်၊ ကိုယ်က သပ်သပ်လို ဖြစ်လာတယ်။ နွေးထွေးမှု ချစ်ခင်မှုဆိုတာ မရှိတော့ သလိုဘဲ"* ဟု အသက် ၁၉ နှစ်အရွယ် အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူ နေထိုင်သူ တဦးက ဆိုပါသည်။

ထိုစိုးရိမ်ရမှုကြောင့် အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ အတော်များများသည် ဝင်ငွေ ရှာလာနိုင်သည်နှင့် တပြိုင်နက် အိမ်မှာမနေတော့ဘဲ မိမိတို့နှင့် ခင်မင်ရင်းနှီးသောသူများနှင့် ပြင်ပတွင် အတူတူနေထိုင်၍ သက်မွေးဝမ်းကျောင်းလေ့ ရှိသည်။ သို့ရာတွင် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူများ နှင့် အမျိုးသားကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ အများစုသည် တတ်နိုင်သ၍ မိဘများ မိသားစုဝင်များနှင့် ကြိုးစား၍ အဆင်ပြေအောင် နေထိုင်လေ့ရှိကြသည်။ အပြင်ကြောင့်ဆိုတော့ မိသားစုပြင်ပတွင် သီးသန့်နေထိုင်ပါက ပတ်ဝန်းကျင်၏ ရှုံ့ချကဲ့ရဲ့မှုကို ပိုမိုစိုးရိမ်သောကြောင့် ဖြစ်ကြောင်း ဆိုကြသည်။

## ဥပဒေက မကာကွယ်ပေးသဖြင့် ဥပဒေကို အားမကိုးတော့ခြင်း

ထိုပြင့် အိမ်တွင်းအကြမ်းဖက်မှုသည် "*လူတိုင်းကို ဥပဒေအရတန်းတူညီမျှမှု*

*အကာအကွယ်ပေးရမည်*" ဆိုသော အခွင့်အရေးနှင့်လည်း တနည်းတဖုံ သက်ရောက်နေပါသည်။ အဘယ်ကြောင့်ဆိုသော် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားလာခဲ့ပြီ ဆိုပါက ထိုသို့ ကျူးလွန်မှုကို ရာဇဝတ်မှုအဖြစ် အသိအမှတ်မပြုပဲ အိမ်တွင်းရေးသာ ဖြစ်သည်ဟု လက်ခံထားကြသည်။ ထို့ကြောင့် ဥပဒေအကူအညီကို လာရောက်တောင်းဆိုပါက တိုင်ကြားမှုကို အသိအမှတ်မပြုခြင်း၊ အမှုမဖွင့်ပေးခြင်း၊ တိုင်ကြားမှုကို ဥပဒေမစီရင် ရိုးရာဓလေ့ထုံးတမ်းစဉ်လာ နည်းများဖြင့် ကျေအေးလိုက်ခြင်းတို့ များစွာဖြစ်ပွားလျက် ရှိသည်။ ထိုသို့ ကိုင်တွင် ဖြေရှင်းပေးမှုမျိုးသည် အကြမ်းဖက်ခံရသူကို ဥပဒေအရ တန်းတူညီမျှစွာ အကာအကွယ် မပေးခြင်းသာ ဖြစ်ပေသည်။

ထိုကိစ္စနှင့် ပတ်သက်၍ အတူနေ အမျိုးသမီးချင်း ချစ်သူတဦးက ယခင်ချစ်သူဟောင်း၏ ရိုက်ပုတ်မှုကို မိတ်ဆွေ သူငယ်ချင်းများထံ သွားရောက်အကူအညီ တောင်းရာတွင် သူမကြုံရသော အခက်အခဲကို ပြောပြပါသည်။

> "*ရိုးရိုး လင်မယား ရန်ဖြစ်တာတောင်မှာ ကြားသုံးကြား မဝင်နဲ့ဆိုပြီး ပတ်ဝန်းကျင်က ပြောတတ်ကြတာလေ။ လင်နဲ့မယား လျှာနဲ့သွား ခဏကြာရင် ပြန်အဆင်ပြေသွားကြမှာလို့ လက်ခံထားတဲ့ ပတ်ဝန်းကျင်မှာ လိင်တူချင်း အတူနေတဲ့စုံတွဲတွေဆို အကူအညီတောင်းဖို့က ပိုခက်ခဲတာပေါ့။ တကယ်လို့ မတတ်သာလို့ အကူအညီတောင်းရင် နင်တို့က လင်မယားလား။ ဘယ်လိုလုပ်ပြီး လင်မယားလို နေတာလဲ ဆိုပြီး မေးတတ်ကြတယ်။ အသေးစိတ် စပ်စုကြတယ်။ အထူးအဆန်းလို ဆက်ဆံကြတယ်။ ဒီလိုအမှုမျိုး တခါမှ မကြားဘူးဘူး ဆိုပြီး ပြောပြီး ဘယ်လို ကူညီရမှန်းမသိဘူးလို့ အဆုံးသပ်သွားရော။ ရဲသွားတိုင်င်လဲ ဒီလိုဘဲ ထပ်ကြုံရမှာ သေချာတယ်။ ပိုဆိုးတာက ကိုယ်က မိန်းမချင်းအတူတူနေတဲ့သူ ဆိုတာ တခြားမဆိုင်တဲ့သူတွေပါ သိကုန်တော့ အရှက်ကွဲတာဘဲ အဖတ်တင်ရော။*"[32]

32 လူတွေ့မေးမြန်းခြင်း, case 3

## တရားဥပဒေလက်လှမ်းမှီမှုမရှိခြင်း

ထို့ပြင် တရားမျှတမှုကို လက်လှမ်းမီမှုနှင့် ပတ်သက်၍လည်း အခက်အခဲများစွာ ရှိသည်။ ပုဒ်မ (၃၇၇) တွင် ဓမ္မတာနှင့် ဆန့်ကျင်သော ကာမဆက်ဆံမှုကို ရာဇဝတ်မှုအဖြစ် ဖော်ပြထားပြီး ဆန္ဒပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ရာဇဝတ်မှုအဖြစ် ပြစ်ဒဏ် ချမှတ်ခံရနိုင်သည့် အတွက် တွေ့ဆုံမေးမြန်းခဲ့သူများက ကြောက်လန့်၍ မတိုင်ရဲသည်ကို တွေ့ရှိရသည်။ ဥပဒေပါ အကြောင်းအရာများသည် မရှင်းလင်းဘဲ အလွန် ကျယ်ပြန့်လွန်းသော အဓိပ္ပာယ် သတ်မှတ်ချက်များ ဖြစ်သောကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ပိုင်ခွင့် အာဏာကို လိုသလို သုံးနိုင်ရန် အခွင့်အလမ်းပေးနေသည်။ ထိုသို့ လုပ်ပိုင်ခွင့်အာဏာများ ပေးထားခြင်းကြောင့် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ အပေါ်တွင် ရဲတပ်ဖွဲ့များက မကြာခဏ အနိုင်ကျင့်မှုများ ဖြစ်ပွားလျက် ရှိပြီး ရဲတပ်ဖွဲ့အပေါ် အယုံအကြည်နှင့် အားကိုးလေးစားမှုများ ပျက်ပြားလျက် ရှိသည်. ထိုအချက်ကြောင့်လည်း လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများသည် အိမ်တွင်းအကြမ်းဖက်ခံရပါက ရဲတပ်ဖွဲ့ဝင်များထံ အကူအညီတောင်းခြင်း၊ တိုင်ကြားခြင်းများကို မလုပ်ဆောင်ကြကြောင်း စေတနာ့ဝန်ထမ်း အကူအညီပေးနေသောသူ တဦးက ထောက်ပြပါသည်။

> *“ရိုက်နှက်ပါတယ် နှိပ်စက်ပါတယ်ဆိုတာ သွားတိုင်လို့ရတယ်လို့ဘဲ ထားလိုက်ပါအုန်း။ သွားတိုင်ရမှာ ရဲစခန်းကိုလေ။ ဒီရဲစခန်းကရဲတွေဘဲ ကျမတို့ကို အပြင်မှာတွေ့ရင် (၃၇၇) နဲ့ ဖမ်းလို့ရတယ်လို့ ခြိမ်းခြောက်ပြီး အနိုင်ကျင့်နေကြတာ မဟုတ်ဘူးလား။ လိင်တူချင်းလိင် ဆက်ဆံတာမိရင် ဖမ်းလို့ရတယ်ဆိုပြီး ငွေညှစ်နေတဲ့ရဲတွေကို သူတို့ အကြမ်းဖက်ခံရင် ကူညီပေးမယ်လို့ သူတို့ မထင်ရဲကြဘူး။ ကံ ကောင်းရင် ၃၇၇ နဲ့တောင် ငွေထပ်တောင်းရင် တောင်းအုန်းမှာ။ ဒီတော့ ရဲကို ဘယ်တိုင်ချင်မှာလဲ၊”*[33]

အသက် (၂၄) နှစ်အရွယ်ရှိ အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ တဦးကလဲ ထိုအချက်ကို ထပ်မံထောက်ခံခဲ့သည်။

---

33 လူတွေ့မေးမြန်းခြင်း, case 40

*"လင်က ရိုက်လို့ သွားတိုင်ရင် ဖြစ်ကြောင်းကုန်စဉ်ကို ပြောပြရတော့မယ်။ သူနဲ့ကိုယ် ဘာကြောင့် အတူနေတာလဲ။ ဘယ်လိုတော်စပ်သလဲ။ ဘာဖြစ်လို့ ရိုက်တာလဲ ဆိုတာကို ပြောရမှာ သေချာတယ်။ လင်မယားပါ အတူတူနေတာပါလို့ ပြောလိုက်ရင် ဒီရဲတွေက ဘယ်လို သဘောထားမလဲ။ ဘယ်လို ဆက်ဆံမလဲဆိုတာ စဉ်းစားသာကြည့်ပေတော့။ တခြားအမှုတွေကို ပုဒ်မတွေတပ်ပြီး ဆွဲနိုင်တာပေါ့။ နဂိုထဲက အခြောက်မတွေကို အထင်သေးချင်တာ ငွေညှစ်ချင်တာဆိုတော့ အမှုမဖွင့်ပေးဘူးလို့ သူငယ်ချင်းတယောက်က ပြောပြဘူးတယ်။"*[34]

အိမ်တွင်းအကြမ်းဖက်မှုအား မတိုင်ကြားလိုသည့် နောက်ထပ် အကြောင်းတရား တခုမှာ ကျူးလွန်သည့် သူများသည် မိမိတို့၏ မိဘများ၊ မောင်နှမများနှင့် အတူနေချစ်သူများ ဖြစ်နေသဖြင့် ထိုသူများကို ဒုက္ခ မရောက်စေလိုသောကြောင့် ဆိုသည့် စိတ်ကြောင့် ဖြစ်သည်။ မိမိ တိုင်ကြားလိုက်ပါက မိမိမိသားစုဝင်များ ဖြစ်သည့် ကျူးလွန်သူများ အရေးယူခံရမည်ကို မဖြစ်လိုကြချေ။ တရားစွဲခံရမည့် သူများသည် မိမိ၏ ဆွေမျိုးမိဘများ ဖြစ်သောကြောင့် မတိုင်သင့်ကြောင်း၊ အကယ်၍ တိုင်ကြားသဖြင့် အမှုရင်ဆိုင်ရမည် ဆိုပါက တခြား ဆွေမျိုးအသိုင်းအဝိုင်းတို့က အပြစ်ဆိုကြမည်ကို စိုးရိမ်သဖြင့် တရားဥပဒေ အကူအညီကို မရယူလိုကြောင်း တွေ့ရှိရသည်။

## အကူအညီပေးသည့် ဝန်ဆောင်မှုများကို မသိခြင်းနှင့် အကူအညီမယူလိုခြင်း

အိမ်တွင်းအကြမ်းဖက်ရသူ တဦးအနေဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ကြုံတွေ့မည်မှာ မလွဲမသွေ ဖြစ်သည်။ သို့သော် ရပ်ရွာအသိုင်းအဝိုင်း အတွင်း အိမ်တွင်းအကြမ်းဖက်မှု ခံစားရသူများ အထူးသဖြင့် ခံစားရသူသည် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူ ဖြစ်ပါက ရပ်ရွာပတ်ဝန်းကျင် အလည်တွင် အရှက်ကွဲမည် စိုးရိမ်သောကြောင့် ကျန်းမာရေး စောင့်

34 လူတွေ့မေးမြန်းခြင်း, case 46

ရှောက်မှုနှင့် ဝန်ဆောင်မှု အထောက်အကူပေးသည့် နေရာများထံ မသွားရောက်လိုကြပေ။ ထိုသို့ဖြစ်လာပါက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုများကို အမြင့်ဆုံး စံချိန်စံညွှန်းဖြင့် ရရှိနိုင်မှုဆိုသည့် အခွင့်အရေးကိုလည်း ငြင်းပယ်ခံရာ ရောက်သည်။

အိမ်တွင်း အကြမ်းဖက်မှု ကြုံတွေ့ရသည့်အခါ ကျူးလွန်ခံရသော လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများသည် တရားရေးဆိုင်ရာ အကူအညီနှင့် ကူညီပေးသည့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှု ဝန်ဆောင်မှုများကို မည်သည့်နေရာတွင် ရယူရမည်ကို အများအားဖြင့် မသိရှိကြပါ။ အများအားဖြင့် သူတို့သိရှိသည်မှာ အိပ်ချ်အိုင်ဗွီနှင့် ပတ်သက်သည့် နှစ်သိမ့် ဆွေးနွေးသည့် ဝန်ဆောင်မှုအကြောင်းကိုသာ သိလေ့ ရှိသည်။ ဆက်သွယ်တိုင်ကြားရန် မဝံ့မရဲဖြစ်တတ်ကြသည်။

> *"စိတ်ဆင်းရဲတာများလာတော့ ရင်ဖွင့်ချင်လာတာပေါ့။ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့် ဆွေးနွေးပေးတယ် ဆိုတာတော့ ကြားဖူးတယ်။ ဒါပေမဲ့ အိပ်ချ်အိုင်ဗွီရောဂါနဲ့ ပတ်သက်တဲ့လူနာတွေကို ပေးတယ်လို့ သိထားတာ။ တော်ကြာ ကိုယ်သွားလိုက်ရင် ကိုယ့်ကို ဒီရောဂါကြောင့်လာတယ် ထင်နေမှာ စိုးတယ်။ သွားပြောပြရင် ကိုယ့်အရှက်ကိုကိုယ်ပြန်ခွဲသလိုဖြစ်မှာလဲ စိုးတယ်၊ သူတို့တွေက ကိုယ့်ကို နားလည်ရင်တော်သေးတယ်။ နားမလည်ရင် နဂိုက စိတ်ညစ်နေတာတွေ ပိုဆိုးမှာလဲ ကြောက်တယ်"* ဟု အသက် ၂၁ နှစ် ရှိ အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ အမျိုးသမီး တဦးက ဆိုပါသည်။[35]

## အိမ်မှထွက်ပြေးခြင်း

တွေ့ဆုံ မေးမြန်းခဲ့တဲ့သူများ၏ ထက်ဝက်သည် ထိုသို့ ဆက်ဆံခံရသောကြောင့် အိမ်မှ ထွက်ပြေးခဲ့ဖူးသော သူများ သို့မဟုတ် အိမ်မှ ထွက်ပြေးရန် အနည်းဆုံး ကြံစည်ခဲ့ဘူးသောသူများ ဖြစ်သည်။ အမျိုးသမီး ကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ အများအပြားသည် အထက်တန်း ကျောင်းသား

35 လူတွေ့မေးမြန်းခြင်း, case 36

ဘဝကထဲက အိမ်မှ ထွက်ပြေးလာခဲ့ ပြီး မိတ်ဆွေသူငယ်ချင်းများနှင့် နေထိုင်ခဲ့ကြပြီး ပညာရေးတပိုင်းတစ ဖြစ်ခဲ့သူများ ဖြစ်သည်။ အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ အများစုသည် ငယ်ငယ်ရွယ်ရွယ် အချိန် (၁၄-၁၈ နှစ် အရွယ်) ကပင်စ၍ နေအိမ်မှ ထွက်ခွာခဲ့ကြကြောင်း ပြောကြားချက်များ အရ သိရှိရသည်။ သို့ရာတွင် အမျိုးသမီးချင်း ချစ်ခင်နှစ်သက်သည့်သူများသည် အိမ်မှ ထွက်ခွာနေထိုင်သည့် နည်းလမ်းထက် မိသားစုများနှင့် အတူတူ ဆက်လက် နေထိုင်သည့် လမ်းကိုသာ ရွေးချယ်လေ့ ရှိကြောင်းကို လေ့လာတွေ့ရှိ ရသည်။

# နိဂုံးချုပ်

သုတေသန တွေ့ရှိချက်များအရ အိမ်တွင်း အကြမ်းဖက်မှုသည် မြန်မာနိုင်ငံရှိ လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသောသူများ ကြားတွင် ဖြစ်ပွားနေသည်ကို တွေ့ရသည်။ ဖြစ်ပွားရာတွင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အများဆုံးဖြစ်ပြီး ကျူးလွန်သူများကလဲ မိသားစုဝင်များနှင့် အတူနေချစ်သူများ ဖြစ်ကြသည်။

သို့ရာတွင် အိမ်တွင်း အကြမ်းဖက်မှုကို အိမ်တွင်းရေး ပြဿနာအဖြစ် အများအားဖြင့် လက်ခံထားလေ့ရှိသော မြန်မာနိုင်ငံ လူမှုပတ်ဝန်းကျင် အတွင်းတွင် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားနေသောသူများ အပေါ် အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်မှုများကို အရေးတယူ ကာကွယ်ပေးလိုစိတ် အလွန်နည်းပါးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုများအား ကာကွယ်တားဆီးရေး ဥပဒေကြမ်းကို ရေးဆွဲနေရာတွင် အိမ်တွင်းအကြမ်းဖက်မှုကို အကြမ်းဖက်မှု အဖြစ် သတ်မှတ်ပြီး ထည့်သွင်း ရေးဆွဲရန် ကြိုးပမ်းလျက်ရှိသည်။ ထိုလုပ်ဆောင်ချက်ကို တိုးတက်မှုတခု အဖြစ် မှတ်ယူနိုင်သော်လည်း ထိုမူကြမ်း အဆင့်မှာပင် အမျိုးသမီး ဆိုသည့် အဓိပ္ပာယ် သတ်မှတ်

ချက်၌ အမျိုးသမီးများကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူများ မပါဝင်ပေ။ အကယ်၍သာ ထိုဥပဒေမူကြမ်း အတိုင်းသာ ပြဋ္ဌာန်းခဲ့ပါက အမျိုးသမီးများကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူများမှာ ထို ဥပဒေ၏ ကာကွယ်ပေးမှုကို ခံစားခွင့်ရမည် မဟုတ်ပါ။

# အကြံပြုတင်ပြချက်များ

- မြန်မာနိုင်ငံတွင် အိမ်တွင်းအကြမ်းဖက် တားဆီးရေး သီးသန့်ဥပဒေ တခုကို ရေးဆွဲပြီး အိမ်တွင်းအကြမ်းဖက်ခံရသူများ အားလုံးကို မည်သည့် အကြောင်းကြောင့်မှမရှိ ခွဲခြားခြင်း မရှိဘဲ ကာကွယ်ပေး ရန်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး ဥပဒေမူကြမ်းပါ အမျိုးသမီးဟု အဓိပ္ပာယ် သတ်မှတ်ချက်ကို အမျိုးသမီးကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သော သူများကိုပါ ထည့်သွင်းဖွင့်ဆို၍ ဥပဒေဆိုင်ရာ ကာကွယ်မှုများနှင့် အကူအညီများ တန်းတူရရှိအောင် လုပ်ဆောင်ရန်။
- အရွယ်ရောက်ပြီးသော လိင်တူချင်း မိမိဆန္ဒဖြင့် သံဝါသပြုခြင်းကို ရာဇဝတ်မှုမြောက်စေသည့် ရာဇသတ်ပုဒ်မ (၃၇၇) ကို ပယ်ဖျက်ရန်။
- ၁၈၉၉ ခုနှစ် ရန်ကုန်ရဲအက်ဥပဒေ ပုဒ်မ (၃၀) နှင့် ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ ပုဒ်မ (၃၅) ကဲ့သို့သော စိတ်ထင်တိုင်း ဖမ်းဆီးခွင့်ပြုထားသည့် ဥပဒေများကို ပယ်ဖျက်ရန်။
- ခွဲခြားဖိနှိပ်မှုအားလုံးကို တားဆီးသည့် ခွဲခြားဆက်ဆံမှု အားလုံး ဆန့်ကျင်သည့် ဥပဒေကို ပြဋ္ဌာန်းပေးရန်။
- ခွဲခြားဆက်ဆံမှုကို အခြေခံပြီး ဖမ်းဆီးမှုများ၊ မတရားပြစ်မှုများ၊ တရားဥပဒေ လက်လှမ်းမီမှုကို ငြင်းဆိုမှုများကို ထိရောက်စွာ တားဆီးရန်။
- International Covenant on Civil and Political Rights (CCPR) အများပြည်သူဆိုင်ရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူ စာချုပ်များကို လက်မှတ်ထိုးပြီး နိုင်ငံသားများ၏ အခွင့်အရေးများကို နိုင်ငံတကာ

စံချိန်စံညွှန်းများနှင့် အညီ လေးစားရန်၊ ကာကွယ်ရန်၊ ဖြည့် ဆည်းပေး ရန်။

- လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားသူများ အနေဖြင့် လုံခြုံမှုရှိစေရန်နှင့် မျှတ သော တရားစီရင်ခွင့်ကို ရရှိဖို့အတွက် အာမခံချက်ပေးရန်။
- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေနှင့် တိမ်းညွှတ် မှုနှင့် လိင်ဝိသေသ သတ်မှတ်ချက် အပေါ် အခြေခံသည့် အကြမ်းဖက် မှုများကို ဖြေရှင်းမှုအတွက် ရပ်တည်သော မူဝါဒများ ထုတ်ပြန် ကြေငြာ ချက်များ၊ အစီရင်ခံစာများကို ရေးသားပြီး စုံစမ်းစစ်ဆေးမှုများကို သေ ချာစွာ လုပ်ဆောင်စေရန်။
- အိမ်တွင်းအကြမ်းဖက်မှုများကို တိုင်ကြားလာပါက ထိရောက်စွာ အရေး ယူနိုင်ရန် အတွက်၊ တရားဥပဒေ ဆောင်ကျဉ်းနိုင်ရန်အတွက် လုပ် ဆောင်ပေးရန်။
- လူ့အခွင့်အရေး ကာကွယ်စောင့်ရေးတာဝန်နှင့် သက်ဆိုင်သည့် အစိုးရ ဌာနများနှင့် ဝန်ထမ်းများ အားလုံးကို လိင်စိတ်တိမ်းညွှတ်မှုနှင့် ပတ် သက်သည့် ပညာပေး လေ့ကျင့်ပေးရန်။
- စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုနှင့် အခြားဝန်ဆောင်မှုများပေးသည့် လုပ်ငန်းများတွင် လုပ်ဆောင်နေသောသူများအား လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားမှုအကြောင်း သိရှိ နားထောင် သဘောပေါက်ပြီး အကောင်းဆုံး ကူညီပေးနိုင်ရန် အတွက် လေ့ကျင့်ပေးရန်။
- လူ့အခွင့်အရေးနှင့် လိင်စိတ်တိမ်းညွှတ်မှု ကွဲပြားမှု အကြောင်းကို ကျောင်းသင်ခန်းစာများတွင် ထည့်သွင်း သင်ကြားပေးခြင်း အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် အသိပညာပေး လှုံ့ဆော်ခြင်းများကို အစိုးရက အားပေးလုပ်ဆောင်ရန်။

# မြန်မာနိုင်ငံရှိ လိင်စိတ်တိမ်းညွတ်မှုကွဲပြားသူများ အကြား အိမ်တွင်းနှင့် မိသားစုအတွင်း အကြမ်းဖက်မှုကို လေ့လာခြင်း

## (စစ်တမ်းကောက်ယူရာတွင် အသုံးပြုမည့် မေးခွန်းလွှာ)

### မြန်မာ LGBT Rights Network

၂၀၁၂ ခုနှစ်တွင် CRB သည် ယခုဆိုလျှင် တိုင်းနှင့် ပြည်နယ် ၁၀ ခုမှ အဖွဲ့ဝင် ၂၅ ဖွဲ့ ပါဝင်သော မြန်မာ LGBT Rights Network ကို ပူးတွဲ တည်ထောင်ခဲ့ပြီး အထူးသဖြင့် ဥပဒေပြုပြင်ပြောင်းလဲမှုမှ တဆင့် LGBT များကို အကာအကွယ်ပေးရေး အတွက်နှင့် တရားစီရင်ရေးစနစ်၊ ရဲလုပ်ငန်းနှင့် သတင်းမီဒီယာ တို့တွင် တန်းတူညီမျှမှုရှိပြီး ခွဲခြားဆက်ဆံမှု မရှိရေးအတွက် ကွန်ရက်အဖွဲ့ဝင်များသည် ပူးတွဲစည်းရုံး လှုံ့ဆော်မှုကို ဆောင်ရွက်ပါသည်။ မြန်မာ LGBT Rights Network သည် အတွင်းရေးမှူး အဖြစ် ဆက်လက် ဆောင်ရွက်လျက် ရှိကာ ပညာရပ်ပိုင်းဆိုင်ရာ အကူအညီပေးခြင်း၊ ကွန်ရက် တိုးတက်ရေး အတွက် အကြံပေးဘုတ်အဖွဲ့၊ ဗဟိုဘုတ်အဖွဲ့နှင့် လုပ်ငန်းကော်မတီများနှင့် နီးနီးကပ်ကပ် လက်တွဲဆောင်ရွက်လျက် ရှိသည်။

### စစ်တမ်းကောက်ယူရခြင်း ရည်ရွယ်ချက်

ယခု စစ်တမ်း၏ ရည်ရွယ်ချက်မှာ LGBT အသိုင်းအဝိုင်းကြားတွင် ဖြစ်ပွား နေသော အိမ်တွင်း အကြမ်းဖက်မှု၊ မိသားစုမှ အကြမ်းဖက်မှု လက္ခဏာများ နှင့် အခြေအနေများ အပေါ်တွင် ပိုမို အသေးစိတ်ကျသော သတင်းအချက်အလက်ကို ဖော်ထုတ်ရန် ဖြစ်ပါသည်။ LGBT အသိုင်းအဝိုင်း၏ လိုအပ်ချက် များကို သတ်မှတ်ဖော်ထုတ်ရန်၊ ပိုမိုကောင်းမွန်စွာသဘောပေါက်လာစေရန်ကိုလည်းရည်ရွယ်ပါသည်။အဆိုပါစစ်တမ်းမှရလဒ်ကိုစည်းရုံးလှုံ့ဆော်မှု ရည်ရွယ်ချက်အတွက်နှင့် အိမ်တွင်း အကြမ်းဖက်မှု/ မိသားစုမှ အကြမ်းဖက်မှု တို့နှင့် ပတ်သက်ပြီး အသိပညာပေး သင်တန်းပုံစံ ဒီဇိုင်းရေးဆွဲရာတွင် အကြောင်းကြားနိုင်ရန် အသုံးပြုသွားမည် ဖြစ်ပါသည်။

| | |
|---|---|
| ပြည်နယ်၊ တိုင်းဒေသကြီး | |
| မြို့နယ်၊ ရပ်ကွက် | |
| စာရင်းကောက်ယူသည့်နေ့ | |
| စာရင်းကောက်ယူသည့်အချိန် | |
| တွေ့ဆုံမေးမြန်းသူ အမည် | |
| ကြီးကြပ်သူအမည် | |

**အခန်း ၁ - နောက်ခံသတင်းအချက်အလက်**

မိမိတို့၏ ကိုယ်ရေးအမှန် အချက်အလက်များနှင့် ပတ်သက်သည့် အတွင်းရေး အချက်အလက်များ အပြည့်အစုံကို ထိန်းသိမ်း ပေးထားပါမည်။ (☐ **တွင်** ☒ **ကြက်ခြေခတ်ခြစ်ပါ။ သို့မဟုတ်** ■ **တခုလုံး အပြည့်ခြယ်ပါ။)**

## ဖြေဆိုသူ၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| အမည် (ခေါ်ဝေါ်စေချင်သော နာမည်) | |
| အသက် | |
| လိင် | ☐ ကျား ☐ မ ☐ ဒွိလိင် (intersex) |
| လိင်စိတ်တိမ်းညွတ်မှု | ☐ လိင်တူ ☐ လိင်ကွဲ ☐ **နှစ်မျိုးလုံး** |
| လိင်ဝိသေသခံယူမှု | ☐ ကျား ☐ မ<br>☐ ဆန့်ကျင်ဘက်လိင်ကဲ့သို ပြုမူပြောင်းလဲ ခံယူနေထိုင်သူ |
| ကိုးကွယ်ယုံကြည်မှု | |
| ပညာအရည်အချင်း | |
| အလုပ်အကိုင် | |
| ဆက်သွယ်ရန် လိပ်စာ | |
| မေးမြန်းခံရသူ၏ ခွင့်ပြုချက်လက်မှတ် | |

၁။ သင်သည် မသန်စွမ်းသူလား ☐ ဟုတ်သည် ☐ မဟုတ်ပါ

၂။ လက်ရှိတွင် လက်တွဲဖော် (ချစ်သူ) ရှိပါသလား ☐ ရှိပါသည် ☐ မရှိပါ

၃။ လက်ရှိ အိမ်ထောင်ရှိပါသလား ☐ ရှိပါသည် ☐ မရှိပါ

၄။ အိမ်ထောင်ပြုဖူးသူလား ☐ ပြုဖူးပါသည် ☐ မပြုဖူးပါ

၅။ ဆန့်ကျင်ဘက်လိင် (သို့) လိင်တူ လက်ထပ်ခြင်းလား ☐ ဆန့်ကျင်ဘက် ☐ လိင်တူ

၆။ ကလေးရော ရှိပါသလား။ ☐ ရှိပါသည် ☐ မရှိပါ

## အပိုင်း၂ - SOGIE နှင့် ပတ်သတ်သည့် မေးခွန်းများ

| | |
|---|---|
| ၁။ သင်၏ မိသားစုသည် သင်၏ ဖြစ်တည်မှုကို လက်ခံပါသလား။ | ☐ လက်ခံ<br>☐ လက်မခံ<br>☐ အခြား (သတ်မှတ်ဖော်ပြပေးပါ) ........................................................ |
| ၂။ သင် LGBT တစ်ယောက် ဖြစ်တယ် ဆိုတာကို သိရှိသွားတဲ့အခါ အောက်ပါတို့ အနက် ဘယ်သူတွေ/ ဘယ်အုပ်စုတွေက ပြန်တုံ့ပြန်မှု လုပ်ကြပါသလဲ။ | ☐ မိသားစု နှင့် ဆွေမျိုးများ<br>☐ လုပ်ဖော်ကိုင်ဖက်များ<br>☐ အလုပ်ခွင်မှ အထက်လူကြီးများ<br>☐ သူငယ်ချင်းမိတ်ဆွေများ<br>☐ ကျောင်းသား (သို့) တက္ကသိုလ်ကျောင်းသား သက်တူ အုပ်စုများ (သို့) ဆရာ/ ဆရာမများ<br>☐ အိမ်နီးချင်းများ<br>☐ ဘာသာရေး အသိုင်းအဝိုင်း/ အဖွဲ့အစည်း<br>☐ လက်တွဲဖော်၏ မိသားစု (ဆိုင်လျှင်)<br>☐ ဝန်ဆောင်မှု လုပ်ငန်းပံ့ပိုးသော အဖွဲ့အစည်း (ဥပမာ ဘဏ်၊ ဆေးရုံ) |
| ၃။ သင် ခင်မင်ရင်းနှီးရသော သူများမှာ။ | ☐ LGBT အများစု ဖြစ်သည်<br>☐ အများအားဖြင့် ဆန့်ကျင်ဘက်လိင်<br>☐ ဂျန်ဒါ ကျား၊မ အစုံရောနေသည်။<br>☐ အများစုမှာ ယောကျာ်း၊ မိန်းမ စစ်စစ်များ ဖြစ်သည်။<br>☐ LGBT/ယောကျာ်း၊မိန်းမ ရောနေသည်။<br>☐ အခြား (သတ်မှတ်ဖော်ပြပေးပါ) ........................................................ |
| ၄။ မိမိ၏ လိင်စိတ်ခံယူမှု ကွဲပြားချက်အပေါ် ရှက်ရွံ့မိပါသလား။ | ☐ တစ်ခါတစ်ရံ<br>☐ လုံးဝ မဖြစ်ပါ<br>☐ ဖြစ်တယ်။<br>☐ အခြား (သတ်မှတ်ဖော်ပြပေးပါ) ........................................................ |
| ၅။ ကျော်ကြားသူ LGBT စံပြပုဂ္ဂိုလ်များ ရှိဖို့ အရေးကြီးတယ်လို့ ထင်ပါသလား။ | ☐ ထင်တယ်<br>☐ မထင်ဘူး<br>☐ ဂရုမစိုက်ဘူး<br>☐ အခြား (သတ်မှတ်ဖော်ပြပေးပါ) ........................................................ |

| | |
|---|---|
| ၆။ သင့်ဖြစ်တည်မှု အပေါ် ကြည့်ကာ စော်ကားခံရဖူး ပါသလား။ (လမ်းပေါ်တွင်/ အိမ်ပြင်ပတွင် သို့မဟုတ် အိမ်တွင်) | ☐ နှုတ်ဖြင့် စော်ကားခြင်း<br>☐ ရုပ်ပိုင်းဆိုင်ရာအရ စော်ကားခံ ရခြင်း<br>☐ လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း<br>☐ စော်ကားမခံရဖူးပါ<br>☐ အခြား (သတ်မှတ်ဖော်ပြပေးပါ) ........................................................ |
| ၇။ ဘယ်သူတွေက ကျူးလွန် စော်ကားကြသလဲ။ | လူမြင်ကွင်းနေရာမျိုးမှာလား -<br>☐ သူစိမ်းတွေ<br>☐ အိမ်နီးချင်း<br>☐ ရဲ<br>☐ လူဝင်မှု ကြီးကြပ်ရေး<br>☐ ပက်စ်ပို့ ရုံး<br>☐ စီးပွားရေး လုပ်ငန်းစု (ဥပမာ- ဘဏ်၊ ဈေးဆိုင်၊ စားသောက်ဆိုင်၊ စသည်ဖြင့် )<br>☐ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ (ဥပမာ- ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့၊ လူမှုရေးဆိုင်ရာဝန်ဆောင်မှုအဖွဲ့များ၊ တက္ကသိုလ်များ စသည်)<br>☐ အခြား (ဘယ်သူတွေလဲ) ........................................................<br><br>လုပ်ငန်းခွင်မှာလား -<br>☐ လုပ်ဖော်ကိုင်ဖက်<br>☐ အနီးကပ်ဆုံးအထက်လူကြီး/ တိုက်ရိုက်ကြီးကြပ်သူ<br>☐ အခြား (ဘယ်သူတွေလဲ) ........................................................<br><br>အိမ်မှာလား -<br>☐ မိဘ<br>☐ ညီအစ်ကိုမောင်နှမ (အကြီး သို့ အငယ်)<br>☐ အဘိုးအဘွား<br>☐ ဦးလေး<br>☐ အရင်းနှီးဆုံး လက်တွဲဖော် (ဥပမာ - လိင်တူ ချစ်သူကောင်လေး၊ လိင်တူချစ်သူ ကောင်မလေး ၊လိင်ကွဲ ချစ်သူ ကောင်လေး ၊ ကောင်မလေး၊ ခင်ပွန်း၊ ဇနီး )<br>☐ အခြား (ဘယ်သူ) ........................................................ |

| | |
|---|---|
| ၈။ သင်ကြုံခဲ့ရဖူးသည့် စော်ကားမှုများ နှင့် ပတ်သက်ပြီး ဘာတွေ လုပ်ခဲ့သလဲ။ | ☐ တာဝန်ရှိသူများထံသို့ တိုင်တန်း (ဥပမာ- ရဲ)<br>☐ မိဘများသို့ တိုင်တန်းခဲ့<br>☐ သူငယ်ချင်း မိတ်ဆွေများကို ပြောပြခဲ့<br>☐ ဆရာ/ ဆရာမများ ထံသို့ တင်ပြခဲ့<br>☐ အလုပ်ခွင်ရှိ ကြီးကြပ်သူထံ (သို့မဟုတ်) သူဌေးထံသို့ တိုင်တန်းခဲ့<br>☐ အခြား (ရှင်းပြပါ) ........................................................................................ |
| ၉။ စော်ကားခံရမှု အကြောင်းကို သင်ပြောပြလိုက်သည့် သူသည် ဘယ်လို ပြန်လည် တုံ့ပြန် ပြောကြားခဲ့သလဲ။ | ☐ လျစ်လျူရှုခဲ့သည်/ ဘာမှ မလုပ်ပါ<br>☐ မိမိကို စိတ်ဆိုးသည် (ဥပမာ- မိမိကို အပြစ်ပြောသည်။ ပြစ်ဒဏ်ပေးသည်။ ရိုက်နှက်သည်။)<br>☐ မိမိကို စော်ကားသည့် သူနှင့် ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံသည်။<br>☐ စော်ကားမှုနှင့် ပတ်သက်ပြီး အသံတိတ်နေရန် ပြောပါသည်။<br>☐ အခြား (ရှင်းပြပါ) ........................................................................................ |

## အပိုင်း ၃ - LGBT တို့အတွက် အကာအကွယ်ပေးခြင်းဆိုင်ရာ မေးခွန်းများ

(၁) သင်နေထိုင်ရာ နိုင်ငံတွင် LGBT တစ်ယောက်အနေနဲ့ ဘယ်အရာတွေက သင့်ကို ပိုမိုအဆင်ပြေပြေနှင့် နေထိုင်နိုင်အောင် ပံ့ပိုး ပေးနေသလဲ။

| | မရှိ | နည်းနည်း | အထိုက်အလျောက် | အများကြီး | မသိပါ |
|---|---|---|---|---|---|
| ၁။ ညီမျှသော ကျန်းမာရေး စောင့်ရှောက်မှု | | | | | |
| ၂။ နိုင်ငံရေး၊ စီးပွားရေး၊ အားကစား စသည်တို့မှ ပြည်သူသိ ကျော်ကြားသူများ၊ LGBT များကို ထောက်ခံရာတွင် ပွင့်လင်းစွာ ပြောဆိုခြင်း။ | | | | | |
| ၃။ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှု ကင်းရေး ဆိုင်ရာ မူဝါဒများ (ဥပမာ- ကျား/ မ အကျႌဝင် ပါဝင်ရေးဆိုင်ရာ မူဝါဒ) | | | | | |
| ၄။ လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှု ဆိုင်ရာ ပညာပေးသင်တန်းများအား အများပြည်သူလူထု သို့ အသိပေးခြင်း | | | | | |
| ၅။ အမျိုးသမီးများ အပေါ် အကြမ်းဖက်ခြင်းအား ကာကွယ် တားဆီးရေးဆိုင်ရာ (POVAW) ဥပဒေတွင် ပါဝင်ထည့်သွင်း ရမည့် LGBT အခွင့်အရေးကို အကာအကွယ် ပေးထားမှု။ | | | | | |
| ၆။ ဖယ်ရှားရန် လိုအပ်သည့် LGBT များအပေါ် ဖိနှိပ်ထားသော ဥပဒေများ။ (ဥပမာ- ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၏ အပိုဒ် ၃၇၇) | | | | | |
| ၇။ SOGI အကြောင်းနှင့် ပတ်သက်ပြီး မိဘ၏ အသိပညာ တိုးပွားလာခြင်းနှင့် LGBTတို့ကို မိသားစုက လက်ခံအသိအမှတ်ပြုမှု မြှင့်တင်ခြင်း။ | | | | | |
| ၈။ LGBTအသိုင်းအဝိုင်းအတွင်း အိမ်တွင်းအကြမ်းဖက်မှု/ မိသားစုဝင် အကြမ်းဖက်မှု/ အရင်းနှီးဆုံး လက်တွဲဖော်မှ အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး အမျိုးသမီး အဖွဲ့အစည်းများကို ပညာပေးခြင်း။ | | | | | |
| ၉။ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းနှင့် LGBT ထိလွယ်ရှလွယ်ဖြစ်ခြင်းနှင့် ထောက်ခံအားပေးခြင်းရှိသော စိတ်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ | | | | | |

## အပိုင်း ၄ - SOGIE ကြောင့် အကြမ်းဖက်ခံရသော အတွေ့အကြုံများ

ယခုအပိုင်းတွင် အစောပိုင်းက မေးခဲ့သော မေးခွန်းများကို ပြန်လည်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပိုပြီး အသေးစိတ်ကြတဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။ ထိုသို့မေးရခြင်းမှာ လေ့လာမှုကို အထောက်အကူဖြစ်စေလိုတဲ့ အတွက် ဖြစ်ပါတယ်။

၁။ သင်၏ လိင်စိတ်ခံယူမှု သို့ လိင်ဝိသေသကွဲပြားမှု (LGBT) ကြောင့် ရုပ်ပိုင်းဆိုင်ရာအရ ဆိုးဆိုးဝါးဝါး ဆက်ဆံခံရဖူးသလား။ ဥပမာ အောက်ပါတို့ကို ကြုံတွေ့ဖူးပါသလား။

- ☐ ရိုက်နှက်ခံရခြင်း
- ☐ ပါးရိုက်ခံရခြင်း
- ☐ ဆွဲထိုးခံရခြင်း
- ☐ ခြေဖြင့် အကန်ခံရခြင်း
- ☐ တွန်းထုတ်/ တွန်းဖယ်ခံရခြင်း
- ☐ ပစ္စည်းများဖြင့် ပစ်ပေါက်ခံရခြင်း
- ☐ ဓားဖြင့် ထိုးခြင်း/ လှီးဖြတ်ခံရခြင်း
- ☐ မီးရှို့ခံရခြင်း
- ☐ ကြိုးဖြင့် တုတ်နှောင်ခံရခြင်း
- ☐ ရုပ်ပိုင်းဆိုင်ရာအရ ပိတ်လှောင်ခံရခြင်း သို့မဟုတ် အချုပ်ချခံရခြင်း
- ☐ အစားအစာ၊ ရေ၊ အိမ်သာ ရရှိမှုကဲ့သို့သော အခြေခံ လိုအပ်ချက်များ ပြတ်လတ် ဖြတ်တောက်ခံရခြင်း
- ☐ အခြားသော ပုံစံမျိုးဖြင့် ရုပ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခံရခြင်း

၂။ သင်၏ လိင်စိတ်ခံယူမှု (သို့) လိင်ဝိသေသ ကွဲပြားမှုကြောင့် ရုပ်ပိုင်းဆိုင်ရာအရ အခြားသော ပုံစံမျိုးဖြင့် ဆိုးဆိုးဝါးဝါး ဆက်ဆံခံရဖူးသလား။

- ☐ အိမ်တွင် ခွဲခြားခံရခြင်း
- ☐ အလုပ်တွင် ခွဲခြားခံရခြင်း
- ☐ ကျောင်း၊ သင်တန်းတွင် ခွဲခြားခံရခြင်း
- ☐ အိမ်မှ နှင်ချခံရခြင်း
- ☐ အလုပ်မှ ထုတ်ပယ်ခံရခြင်း
- ☐ လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း

၃။ ထိုအဖြစ်အပျက် သို့မဟုတ် အဖြစ်အပျက်များကြုံတွေ့ခဲ့ရစဉ်က သင်၏ အသက် ဘယ်လောက်လဲ။

..............................................................................................................................

၄။ ကျူးလွန်သူ သို့မဟုတ် ကျူးလွန်သူများက ဘယ်သူတွေလဲ။

..............................................................................................................................

၅။ ထိုအကြမ်းဖက်မှု သို့မဟုတ် နှိပ်စက်ခံရမှု ကြုံတွေ့ရစဉ်က ဘယ်လိုခံစားခဲ့ရသလဲဆိုတာ မှတ်မိနိုင်ပါသလား။

..............................................................................................................................

..............................................................................................................................

..............................................................................................................................

..............................................................................................................................

၆။ အကြမ်းဖက်ခံရသည့်အခါ တစ်ယောက်ယောက်ထံ အကူအညီတောင်းဖို့ လုပ်ခဲ့သလား။

- ဘယ်သူ့ကို
- ဘယ်လိုမျိုး
- ဘာအကူညီတွေရခဲ့လဲ။
- အကူအညီရှာဖွေတဲ့နေရာမှာ ကြန့်ကြာခဲ့တာရောရှိလား။ အကြောင်းရင်းကဘာလို့လဲ။
- အကူအညီလိုချင်သော်လည်း မရရှိခဲ့တာမျိုး ရှိသလား။
- ရခဲ့တဲ့အကူအညီက အဆင်ပြေလား
- အကူအညီယူစဉ် ကြုံတွေ့ရတဲ့အခက်အခဲ

၇။ သင်၏ လိင်ဝိသေသကွဲပြားမှုနှင့် လိင်စိတ်ခံယူမှုကြောင့် သင်ကြုံတွေ့ခဲ့ရသော ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စော်ကားမှု နှင့် ဆိုးဝါးစွာ ဆက်ဆံခံရမှုတို့ကြောင့် ဖြစ်ပေါ်လာသော လူမှုရေးဆိုင်ရာ သက်ရောက်မှု အကျိုးဆက်များကို ဖော်ပြပါ။

အကြမ်းဖက်မှုအပြီး -

- ကိုယ်ခန္ဓာ ဒဏ်ရာရခြင်း ☐ ချက်ချင်း ☐ ကြာမှ
- ကျန်းမာရေးမကောင်း ☐ ချက်ချင်း ☐ ကြာမှ
- နေထိုင်စရာ နေရာ မရှိခြင်း ☐ ချက်ချင်း ☐ ကြာမှ
- မိသားစုမှ သင်ရလေ့ရှိခဲ့သော ငွေကြေးနှင့် အခြားအထောက်အပံ့ ဆုံးရှုံးသွားခြင်း
  ☐ ချက်ချင်း ☐ ကြာမှ
- မိသားစုဆက်ဆံရေး ပြတ်တောက်ခြင်း သို့မဟုတ် အားနည်းလာခြင်း ☐ ချက်ချင်း ☐ ကြာမှ
- ခင်မင်ရင်းနှီးမှု ဆုံးရှုံးခြင်း သို့မဟုတ် အားနည်းလာခြင်း ☐ ချက်ချင်း ☐ ကြာမှ
- လုပ်ငန်းခွင်တွင်ဆောင်ရွက်နိုင်စွမ်းပေါ်သက်ရောက်မှုရှိခြင်း ☐ ချက်ချင်း ☐ ကြာမှ
- အလုပ်အကိုင်ရှာဖွေနိုင်မှုတွင် သက်ရောက်မှုရှိခြင်း ☐ ချက်ချင်း ☐ ကြာမှ
- ဆက်လက်ရှင်သန်နိုင်မှု ဆုံးရှုံးသွားခြင်း ☐ ချက်ချင်း ☐ ကြာမှ

၈။ သင်ဖော်ပြခဲ့သော အကြမ်းဖက်မှု၊ စော်ကားမှုနှင့် ဆိုးဝါးစွာ ဆက်ဆံမှုတို့၏ လူမှုရေးဆိုင်ရာ သက်ရောက်မှု အကျိုးဆက် များမှ သင် ဘယ်လို ကျော်လွှားဖြေရှင်းလိုက်ပါသလဲ။

☐ အားကစား သို့မဟုတ် လေ့ကျင့်ခန်းလုပ်တယ်။

☐ နှစ်သိမ့်ဆွေးနွေး အကြံပေးရယူတယ်
(ဘယ်သူ့ဆီကလဲ) ..................................................................................................................

☐ တက်ကြွလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်တယ်
(ဘယ်လိုမျိုးမှာလဲ) ..................................................................................................................

☐ အကြမ်းဖက်မှု နှင့် စော်ကားမှုတို့အကြောင်း ခင်မင်ရသော သူငယ်ချင်းတွေကို ပြောပြပါတယ်။

☐ ကျော်လွှားဖြေရှင်းနိုင်ဖို့ အရက်အများကြီး သောက်တယ်။

☐ ကျော်လွှားနိုင်ဖို့ မူးယစ်ဆေးတွေ သုံးတယ်။

☐ ကိုယ့်ကိုယ်ကိုယ် လူတွေမသိအောင် ဓားနဲ့မွှန်းတယ်။

☐ အခြား (ရှင်းပြပါ) ..................................................................................................................

၉။ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် သင်၏ စိတ်ခံစားမှုဆိုင်ရာ ကျန်းမာရေးအပေါ် သက်ရောက်မှု အခြေအနေကို ဖော်ပြပါ။ ဥပမာ သင် ခံစားရသည်မှာ-

- ☐ စိတ်ဓာတ်ကျခြင်း
- ☐ ဒေါသထွက်ခြင်း
- ☐ အပြစ်ရှိတယ်လို့ ခံစားရခြင်း/ ကိုယ့်ကိုယ်ကို အပြစ်တင်ခြင်း
- ☐ မိမိကိုယ်ကိုယ်လေးစားမှု လျော့နည်းခြင်း သို့ အကောင်းမမြင်ခြင်း
- ☐ ရှက်ခြင်း/စိတ်ကသိကအောင့်ဖြစ်ခြင်း
- ☐ ပူပင်သောကဖြစ်ခြင်း
- ☐ ကြောက်ရွံ့ခြင်း
- ☐ ရန်လိုစိတ်များခြင်း
- ☐ ဒေါသူပုန်ထခြင်း
- ☐ လူ့အဖွဲ့တွင်းမှ ဘေးထွက်နေလိုခြင်း/ အထီးကျန်ခြင်း
- ☐ မိမိကိုယ်ကိုယ် သေကြောင်းကြံရန် ကြိုးပမ်းခြင်း
- ☐ အခြား ( ရှင်းပြပါ) ..........................................................................................

၁၀။ သင် အောက်ပါအချက်များဖြင့် ဆက်ဆံခံရဖူးလား သို့မဟုတ် နှုတ်ဖြင့် စော်ကားခံရဖူးပါသလား။

- ☐ စော်ကားပြောဆိုခြင်း
- ☐ ကဲ့ရဲ့ခြင်း
- ☐ ကျိန်ဆဲခြင်း
- ☐ ပုဂ္ဂိုလ်ရေးဆိုင်ရာအရ သိက္ခာချသော မှတ်ချက်ပေးခြင်းများ
- ☐ ပုံမှန်မဟုတ်သူဟု စွပ်စွဲပြောဆိုခြင်းများ
- ☐ ဘာသာရေးကို အသုံးပြုကာ ပြစ်တင်ရှုံ့ချခြင်း
- ☐ သို့မဟုတ် နှုတ်အားဖြင့် စော်ကားမှုပါဝင်သော အခြားနည်းလမ်းများဖြင့်

၁၁။ သင်၏ လိင်စိတ်ခံယူမှု သို့မဟုတ် လိင်ဝိသေသ ကွဲပြားမှုအပေါ် အခြေခံကာ ခြိမ်းခြောက်ခံရဖူးသလား။ ဥပမာ

- ☐ သင့်ကို သို့မဟုတ် အခြားသူများကို ထိခိုက်စေရန် ခြိမ်းခြောက်မှုများ
- ☐ သင့်ကို စွန့်ပစ်မည်၊ အမွေပြတ်စွန့်လွှတ်မည်၊ အဆက်အသွယ်ဖြတ်တောက်မည် သို့ နှင်ချမည်ဟု ခြိမ်းခြောက်ပြောဆိုမှုများ
- ☐ သင် သို့မဟုတ် အခြားသူများကို ထောင်ချပစ်မည်ဟု ခြိမ်းခြောက်မှုများ
- ☐ မိမိ၏လိင်စိတ်ခံယူမှု၊ လိင်ဝိသေသ ကွဲပြားမှုကို အခြားသူများအား လူသိရှင်ကြား ထုတ်ဖော် ပြောကြားရန် ခြိမ်း ခြောက်မှုများ။
- ☐ ဘာသာရေးဆိုင်ရာ၊ ဆေးပညာဆိုင်ရာ သို့မဟုတ် စိတ်ကျန်းမာရေးဆိုင်ရာ ပညာရှင်ထံသို့ သွားရောက်ပြီး ကုသမှုခံယူရန် အတင်းအကျပ် တိုက်တွန်းပြောဆိုကာ ခြိမ်းခြောက်ခြင်း
- ☐ အခြားသော ခြိမ်းခြောက်မှုများ ..........................................................................................

(**အင်တာဗျူးသူ မှတ်ရန်** - အောက်ပါမေးခွန်းများကို မေးမြန်းကာ အနှစ်ချုပ်ပါ။ LGBT များဘေးကင်းပြီး အားကိုးအားထား ပြုနိုင်သော နှစ်သိမ့်ဆွေးနွေးမှု လုပ်ဆောင်နိုင်ရေးအတွက် သော်လည်းကောင်း၊ သို့မဟုတ် အရပ်ထဲတွင် ဘေးကင်းလုံခြုံရေးနှင့်ဗဟုသုတနှင့်ပြည့်စုံသောသက်တူအုပ်စုတို့၏ပံ့ပိုးကူညီမှုရရေးအတွက်သော်လည်းကောင်း ဆက်သွယ်နိုင်မည့်သူများ စာရင်းကို ပံ့ပိုးပေးပါ။ သင့်လက်ထဲတွင် သဘောတူညီမှု ဖောင်ပုံစံ ရှိနေပါစေ။ သင် အင်တာဗျူးသော သူအား ကျေးဇူးတင်ရှိရန် မမေ့ပါနှင့်။)

၁) မေးခွန်းများ မေးစရာ ရှိသေးလား။

၂) မေးခွန်းထဲမှာ မပါသွားပေမယ့် ဒီလေ့လာမှု အတွက် နောက်ထပ်ဘာများ ထပ်ပြီး ဖြည့်စွက် ပြောလိုပါသလဲ။

၃) အင်တာဗျူးပြီးတော့ အခု ဘယ်လိုခံစားနေရသလဲ။

၄) ကျွန်တော် ခင်ဗျားဆီကို မနက်ဖြန် ဒါမှမဟုတ် သက်ဘက်ခါ လာပြီး ခင်ဗျားနေလို့ အဆင်ပြေမပြေ တချက် လာကြည့်ချင်ပါ တယ်။ အဆင်ပြေလား၊ ခင်ဗျားဆီ ဘယ်လိုလာလို့ ရနိုင်မလဲ။

၅) နောက်ထပ် တွေ့ဆုံမှုအတွက် သင်ဘယ်လို လာမှာပါလဲ။ သင် ဘက်စ်ကား သို့မဟုတ် ဂရပ် သို့ … ဖြင့် သွားမှာလား။ သင်လာလျှင် အဖော်တဦးဦးကို ခေါ်လာမည်လား။ သို့မဟုတ် တစ်ဦးတည်း လာမည်လား။

၆) အင်တာဗျူးတွင် သင်ဆွေးနွေးခဲ့သည်နှင့် ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်စရာ ရှိလျှင် ပြောပြစရာလူ (သို့) ဖေးမကူညီပေးမယ့်သူ ရှိပါသလား။

၇) အခု ဒီရင်းမြစ် စာရင်းတွေကို သင့်ကို ပေးလို့ရပါသလား။ သင်လိုအပ်လျှင် နောင်အတွက် သိမ်းထားနိုင်သကဲ့သို့ လွတ်လပ်စွာ အသုံးပြုနိုင်ပါသည်။